# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ သင်တန်းသား စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနည်းပညာများအရ သင်ယူလေ့လာလေ့ကျင့်မှုဖြင့်သာ ခေတ်မီတပ်မတော် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော တပ်မတော်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်

နေပြည်တော် မေ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့တွင် မြိတ်တပ်နယ်၊ ပလောက်တပ်နယ်နှင့် ဟိန်းဇဲတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ သင်တန်းသား စစ်သည်များအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ■


## ယနေ့ ဖတ်စရာ

**စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**


ပြည်တွင်းသတင်း စာ - ၁၂


**သီရိလင်္ကာအစိုးရသည် လတ်တလော စီးပွားရေးအကျပ်အတည်းကြောင့် ဝင်ငွေနည်းမိသားစုများကို အထူးငွေကြေးတစ်ရပ် ထောက်ပံ့သွားမည်**




နိုင်ငံတကာသတင်း စာ - ၁၃


**လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်**


ပြည်တွင်းသတင်း စာ - ၂၁

## ငြိမ်းချမ်းရေးအတွက် နှလုံးရည်သတ္တိ

၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧပြီလ ၂၂ ရက်က ပြောကြားသည့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မိန့်ခွန်းတွင် ပါရှိသည်။ လက်ရှိ နိုင်ငံတော်၏ အကြီးအကဲ၊ တပ်မတော်၏ ခေါင်းဆောင်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ရှိနေသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်ရေး၏အရသာ၊ ဒီမိုကရေစီ၏အရသာ၊ ငြိမ်းချမ်းရေး၏ အရသာကို အပြည့်အဝခံစားရရှိနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များကို ဖိတ်ခေါ်လိုက်ပြီဖြစ်ရာ ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည့် ပြည်သူလူထု၏ ဆန္ဒနှင့် တစ်ထပ်တည်းပင်ဖြစ်သည်။

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟူ၍ သတ်မှတ်ရခြင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် (၇၅) နှစ်ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကို စည်းလုံးညီညွတ်သော အင်အားဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်သည်။ ပစ္စက္ခကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အိမ်စောင့်အစိုးရအဖြစ် နိုင်ငံ၏တာဝန်အဝဝတို့ကို ထမ်းရွက်နေခြင်းဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တို့အတွက်လည်း အာမခံထားခြင်းဖြစ်ရာ ရိုးသားပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးမှုများအတွက် အချိန်အခါကောင်း၊ အခွင့်အလမ်းကောင်းကို ဖန်တီးပေးလိုက်ခြင်းလည်း ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ နိုင်ငံအလုံးစုံ ပျက်သုဉ်းရေးအတွက် ပြည်တွင်း ပြည်ပ အကြမ်းဖက်အဖျက်အုပ်စုများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်မလာစေရန် နည်းမျိုးစုံဖြင့် ဖျက်လိုဖျက်ဆီး ပြုလုပ်ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုသည် တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရသာကို ခံစားနိုင်ရေးအတွက် သန့်ရှင်းဖြူစင်သော စေတနာဆန္ဒဖြစ်ပြီး အားလုံးအတူတကွ လက်တွဲ၍ ရိုးသားပွင့်လင်းစွာ ဆွေးနွေးကြခြင်းဖြင့် တိုင်းရင်းသား ပြည်သူလူထု၏အကျိုး၊ ဒေသ၏အကျိုး၊ ပြည်ထောင်စုကြီး၏ အကျိုးကို အချိန်တိုတိုဖြင့် ထိထိရောက်ရောက် ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များအနေဖြင့် မေလ ၉ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးရမည်ဖြစ်ရာ ရက်အနည်းငယ်မျှသာ လိုတော့သည်။ နိုင်ငံတစ်ဝန်းလုံးတွင် ရှိနေသော တိုင်းရင်းသားပြည်သူလူထု၊ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထု၏ အလိုလားဆုံးသောဆန္ဒ၊ တစ်သက်တာအိပ်မက်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း ကောင်းသတင်းများနှင့်အတူ ပြည်ထောင်စုဖွား ညီရင်းအစ်ကို မောင်ရင်းနှမများအကြား ထာဝရငြိမ်းချမ်းရေးကို နှလုံးရည်သတ္တိ ပြည့်ဝစွာဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။



## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မေ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၂၅၅၁ ပါးအနက် ၉၆၀၈ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Courses များ ဖွင့်လှစ်မည်

**သန်လျင် မေ ၃**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို ၁၂.၅.၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

- ➤ Certificate in Business Law
  Link; https://forms.gle/at6hi709RYmGKUuEA
- ➤ Certificate of Proficiency in Business English
  Link; https://forms.gle/vS7tkQocBycokfuB7
- ➤ Certificate in Entrepreneurship and Business Management
  Link; https://forms.gle/QDqWkDmCDU1xTjbF6

အဆိုပါ သင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၁၀.၅.၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်တန်းများဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃**




နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇၆)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၄၀)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အဆင့်ဆင့်သော ဝန်ထမ်းများ အရည်အသွေးထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရား ပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှ အားကိုးရသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပြီး အဆိုပါသင်တန်းများကို မေ ၂ ရက်မှ ဇူလိုင် ၂၂ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
# ကြင်နာစိတ်ထား ကြက်ခြေနီများ
လူတိုင်းအပေါ် ကူညီသွား
#Be Human KIND
၂၀၂၂ ခုနှစ်၊ မေလ(၈)ရက်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

■ *ရှေ့ဖုံးမှ*

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကား ပြောကြားရာတွင် တပ်မတော်၏ အသက်ခန္ဓာသည် စစ်စည်းကမ်းဖြစ်သည့်အပြင် လုံခြုံရေးအသိ အမြဲရှိရန်လိုအပ်သဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ ကျိုးပေါက်မှုမရှိစေရန်လိုကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသဖြင့် အဆင့်အတန်းအားလုံးသည် မိမိ၏တာဝန်၊ ဝတ္တရားများကို သိရှိကြပြီး ကိုယ်စီလုပ်ငန်းတာဝန်များအပေါ် အလေးအနက်ထား ကျေပွန်အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အသိမှန်မှ အလုပ်မှန်ပြီး အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ယုံကြည်မှုဖြင့် ပိုင်နိုင်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်မှာ လေ့ကျင့်ရေးသည် အရေးကြီးကြောင်း၊ လေ့ကျင့်မှုပိုင်နိုင်မှသာ ယုံကြည်မှုရပြီး ကျွမ်းကျင်မှုရှိ၍ ကျွမ်းကျင်မှုမှတစ်ဆင့် အောင်မြင်မှုကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနည်းပညာများအရ သင်ယူလေ့လာလေ့ကျင့်မှုဖြင့်သာ ခေတ်မီတပ်မတော်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော တပ်မတော်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်လို**

လေ့ကျင့်မှုပြည့်ဝပါက လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကောင်းမွန်သောစီမံခန့်ခွဲနိုင်သည့် အုပ်ချုပ်ရေးစနစ် လိုအပ်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးစနစ်အတွက် မှန်ကန်သည့်အမိန့်၊ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိမ်းစောင်းမှုမရှိ၊ မှန်ကန်မျှတစွာ စီမံအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည့်ဝသောလေ့ကျင့်မှုကို ကောင်းမွန်သော အုပ်ချုပ်မှုဖြင့် ပေါင်းစပ်နိုင်ပါက ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအောင်မြင်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန် မဖြစ်မနေလိုအပ်မှုအနေဖြင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ တပ်မတော်တစ်ရပ်လုံးအတွက် သက်သာချောင်ချိရေးကို အဓိက အထောက်အကူပြုနိုင်သော

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပလောက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဟိန်းဇဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**◆ တပ်မတော်၏ အသက်ခန္ဓာသည် စစ်စည်းကမ်းဖြစ်သည့်အပြင် လုံခြုံရေးအသိ အမြဲရှိရန်လိုအပ်သဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ ကျိုးပေါက်မှုမရှိစေရန်၊ လက်ရှိအချိန်တွင် တပ်မတော်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသဖြင့် အဆင့်အတန်းအားလုံးသည် မိမိ၏တာဝန်၊ ဝတ္တရားများကို သိရှိကြပြီး ကိုယ်စီလုပ်ငန်းတာဝန်များအပေါ် အလေးအနက်ထား ကျေပွန်အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်ကြ**

စာမျက်နှာ ၃ မှ

စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ၊ မွေးမြူရေးဆိုင်ရာ မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း၊ ထိုဆောင်ရွက်စေမှုကြောင့် ယခုအခါ အသားငါး၊ ကြက်ဥမှစ၍ ဟင်းသီး၊ ဟင်းရွက်များအထိ စစ်သည်၊ မိသားစုများသာမက သက်ဆိုင်ရာ ဒေသများအထိ စားသောက်ရေးအပေါ် ထိရောက်သော အထောက်အကူ ဖြစ်စေခဲ့ကြောင်း။

**ဟန်ချက်ညီဆောင်ရွက်**

အလားတူ နေရေး၊ ဝတ်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် နိုင်ငံတော်နှင့်တပ်မတော်မှ ခွင့်ပြုထားသော ရပိုင်ခွင့်များကို သတ်မှတ်ထားသော မူဘောင်အတွင်းမှ ကောင်းစွာစီမံခန့်ခွဲပေးခြင်းဖြင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မှန်ကန်သောအုပ်ချုပ်မှုစနစ်မှ ကောင်းမွန်သော သက်သာချောင်ချိမှုကိုဖြစ်စေပြီး ယင်းမှ အောင်မြင်မှု၏ အရေးအကြီးဆုံးဖြစ်သည့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ချောမွေ့စွာဖြင့် ရေရှည်အောင်မြင်မှုရရှိရန်မှာ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့သည် အားလုံးမရှိမဖြစ်လိုအပ်သော ဆက်နွှယ်မှုဖြစ်၍ အလေးထားရန်လိုကြောင်း၊ အဆိုပါအချက် ၄ ချက်ကို ဟန်ချက်ညီဆောင်ရွက်နိုင်ခြင်းဖြင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို အလိုလိုခိုင်မာအောင် တည်ဆောက်ပြီးသားဖြစ်နေမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူထိန်းသိမ်းခဲ့သည့် ၁ နှစ်နှင့် ၃ လ ကာလအတွင်း အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်ဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းမျိုးစုံက နည်းမျိုးစုံဖြင့် ကြိုးပမ်းလာခဲ့ကြောင်း၊ တည်ငြိမ်မှုကို လိုလားသည့် ပြည်သူလူထု၊ သစ္စာရှိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ညီညွတ်သော အင်အားကြောင့် ၎င်းတို့၏ ရည်မှန်းချက် ပျက်ပြားသွားချိန်တွင် အင်အားခိုင်မာတောင့်တင်းသည့် တပ်မတော်ကိုဖြိုခွဲရန် ဆက်တိုက်ကြိုးပမ်းလာကြောင်း၊ သို့သော် တပ်မတော်၏ ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကြောင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်သည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်မှုများပြုလုပ်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲက လက်ခံတွေ့ဆုံရန်လည်း ဖိတ်ခေါ်ထားကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်း**

ဆက်လက်ပြီး လေ့ကျင့်ရေးသင်တန်းများနှင့် ပတ်သက်၍ သင်တန်းကျောင်းတွင် တက်ရောက်နေသည့် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် သင်ခန်းစာများကို အမှန်တကယ် တတ်မြောက်၍ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူသွားရန်လိုကြောင်း၊ အလားတူ နည်းပြများအနေဖြင့်လည်း သင်တန်းသားများ၏ ယုံကြည်ကိုးစားမှုခံရသည့် သင်ကြားမှုအရည်အချင်း စွမ်းရည်နှင့် ပြည့်စုံရမည့်အပြင် ဟန်ပန်အမူအရာလည်း လေးစားဖွယ်ရာရှိနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်ဆင်ရေးတာဝန်ဖြစ်စေ၊ လုံခြုံရေးတာဝန်ဖြစ်စေ၊ နိုင်ငံ့အရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပေးအပ်သည့် လုပ်ငန်းတာဝန်နှင့် မိသားစုတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်မှ ချမှတ်ထားသည့် ကြံ့ခိုင်ရေးဆိုင်ရာမူဝါဒနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများကို လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ပလောက်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ပလောက်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ ဘက်စုံမွေးမြူရေးစခန်းတွင် ကြက်များ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံတက္ကသိုလ်ရှိ အတန်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဘားအံတက္ကသိုလ်ရှိ အတန်းအားလုံးနှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ပထမနှစ်သင်တန်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို မေ ၃ ရက် နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ကထိက၊ ဌာနမှူးများက ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား သည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံတက္ကသိုလ် အဝေးသင်နောက်ဆုံးနှစ်(သိပ္ပံတွဲ) ပထမအသုတ်စာမေးပွဲဖြေဆိုနေမှုအား ကြည့်ရှုအားပေးပြီး အဆိုပါစာမေးပွဲကို အဝေးသင်နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၆၃ ဦးက ဧပြီ ၂၈ ရက်မှ မေ ၄ ရက်ထိ ဖြေဆိုသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Excellent Unity Co.,Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အလျား ၁၀၅ ပေ၊ အမြင့် ၁၆ ပေရှိ ဘားအံတက္ကသိုလ်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဘူးသီးတောင်မြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘူးသီးတောင် မေ ၃**

ဘူးသီးတောင်မြို့နယ်တွင် မေ ၅ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များ အမှတ်(၆)ရပ်ကွက်ရှိ အေးစေတီဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့ နံနက် ၉ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းဝင်းနိုင် ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဘုန်းတော်ကြီးကျောင်းရှိ စေတီရင်ပြင်နှင့် ကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်း၊ ကျောင်းဝင်းအတွင်း၊ အပြင်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းများကို စုပေါင်းကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှကျော် (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ ငါး၊ ပုစွန် (တန် ၁၀၀၀) အအေးခန်းစက်ရုံသို့ သွားရောက်ကြည့်ရှု၊ ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ ငါး၊ ပုစွန် (တန် ၁၀၀၀) အအေးခန်းစက်ရုံကို သွားရောက်ကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အဖွဲ့ဝင်များ ငါး၊ ပုစွန် (တန် ၁၀၀၀) အအေးခန်းစက်ရုံအတွင်း ငါး၊ ပုစွန်များ ထုပ်ပိုးထားမှုအဆင့်ဆင့်ကို ကြည့်ရှုစဉ်။

## ထုပ်ပိုးထားမှုအဆင့်ဆင့်ကို ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် GAqP (Good Aquaculture Practices) လုပ်ငန်းစဉ်အတိုင်း ထုတ်လုပ်ထားသည့် ငါး၊ ပုစွန်များထုပ်ပိုးထားမှုအဆင့်ဆင့်ကို ကြည့်ရှုကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံညှော့ခန်းမဆောင်၌ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာ ဦးလှသန်းက ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ခေတ်မီရေငန်ပုစွန်များ မွေးမြူထားရှိမှု၊ အအေးခန်းစက်ရုံ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်များကိုလည်းကောင်း၊ မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဝင်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မြိတ်မြို့ နိုင်ငံတကာအဆင့်မီ ပထမဆုံးသော အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းကိုလည်းကောင်း ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည်

*စာမျက်နှာ ၆ သို့*

❍ **ရေထွက်ပစ္စည်းများကို အရည်အသွေး၊ အရွယ်အစား ရွေးချယ်စစ်ဆေးခြင်း၊ ဝယ်ယူပြီး ဆေးကြောသန့်စင်ခြင်း၊ စနစ်တကျထုပ်ပိုးခြင်း၊ အေးခဲတုံးများပြုလုပ်ခြင်း၊ အအေးခန်းများအတွင်းသို့ သိုလှောင်ခြင်းများကို အဆင့်ဆင့် ပြုလုပ်ရောင်းချလျက်ရှိသည့်အပြင် မြိတ်ဒေသတစ်ခုလုံးရှိ ငါးဖမ်းစက်လှေ ၁၈၀၀ နီးပါးတို့၏ ဖမ်းဆီးရမိ ငါး/ ပုစွန်များကိုလည်း ဝယ်ယူပေးလျက်ရှိ**

*စာမျက်နှာ ၅ မှ*

ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ကိုယ်ထူကိုယ်ထ သဘော်ာလွန်းကျင်းလုပ်ငန်းခွင်၊ ငါး၊ ပုစွန်များ မွေးမြူထားရှိသည့် ကန်များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

**နိုင်ငံခြားဝင်ငွေရရှိ**

အဆိုပါ (တန် ၁၀၀၀) အအေးခန်းစက်ရုံသည် မြိတ်မြို့အနီး ပထော်-ပထက်ကျွန်း၌ ရေထွက်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန်၊ ရရှိလာသည့် ရေထွက်ကုန်ကြမ်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန်၊ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိမှု ပိုမိုတိုးတက်လာစေရန်၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန်၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်သို့ အခွန်ငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပေးသွင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အဖွဲ့ဝင်များ ပထက်တောင် အတုလရုံသီရွှေသာလျောင်း ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ဘုရားဂေါပကအဖွဲ့ဝင်များက ဘုရားကြီး၏ ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။

ထမ်းဆောင်နိုင်စေရန်၊ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး လုံခြုံစိတ်ချသော လူမှုဘဝကို ပိုင်ဆိုင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များနှင့်အညီ ၁၉၉၈ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရေထွက်ပစ္စည်းများကို အရည်အသွေး၊ အရွယ်အစား ရွေးချယ်စစ်ဆေးခြင်း၊ ဝယ်ယူပြီး ဆေးကြောသန့်စင်ခြင်း၊ စနစ်တကျထုပ်ပိုးခြင်း၊ အေးခဲတုံးများပြုလုပ်ခြင်း၊ အအေးခန်းများအတွင်းသို့ သိုလှောင်ခြင်းများကို အဆင့်ဆင့် ပြုလုပ်ရောင်းချလျက်ရှိသည့်အပြင် မြိတ်ဒေသတစ်ခုလုံးရှိ ငါးဖမ်းစက်လှေ ၁၈၀၀ နီးပါးတို့၏ ဖမ်းဆီးရမိ ငါး/ ပုစွန်များကိုလည်း ဝယ်ယူပေးလျက်ရှိကြောင်း၊ ဂျပန်၊ အမေရိကန်၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း စသော ပြည်ပနိုင်ငံများသို့လည်း အမှာစာများအတိုင်း GAqP လုပ်ငန်းစဉ်နှင့်အညီ သတ်မှတ်စံချိန်စံညွှန်းအတိုင်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နှစ်စဉ် ရေငန်ငါးမျိုးစုံ တန် ၁၀၀၀ ခန့်၊ ပုစွန်တန် ၆၀၀ ခန့်၊ ကဏန်းပျော့တန် ၂၉၀ ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး နိုင်ငံတော်အတွက်လည်း တာဝန်ကျေပွန်စွာ သတ်မှတ်အခွန်နှုန်းထားများအတိုင်း ပေးသွင်းလျက်ရှိသည့် နိုင်ငံ့အခွန်ထမ်းကုမ္ပဏီတစ်ခုဖြစ်ကြောင်းလည်း သိရှိရသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ပထက်တောင် အတုလရုံသီရွှေသာလျောင်း ဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဘုရားကြီး၏ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဘုရားကြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို "အနုသုခုမဆိုင်ရာ စာတမ်း" ဖတ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် မေ ၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ "အနုသုခုမဆိုင်ရာ စာတမ်းဖတ်ပွဲ-၁/၂၀၂၂" ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် (၃၅) ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ (ငြိမ်း) ဦးခင်အောင်မြင့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ရင်ရင်နွယ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နန္ဒာမွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ကြမည့် ပညာရှင်ကြီးများ၊ စာတမ်းရှင်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်း သုတေသီများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ယဉ်ကျေးမှု အခန်းကဏ္ဍတွင် သုတေသနကို အခြေပြုသည့် "ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန"၊ "သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန" ဟူ၍ ဦးစီးဌာန နှစ်ခုရှိသည့်အပြင် အနုသုခုမဆိုင်ရာ ပညာရပ်များကို သုတေသနပြု လေ့ကျင့်ဖန်တီးကာ တင်ဆက်ပြသမှုများ ဆောင်ရွက်လျက်ရှိသည့် အနုပညာဦးစီးဌာနတို့ဖြစ်ကြောင်း။

သုတေသနဟူသော စကားရပ်ကို အင်္ဂလိပ်စာဝေါဟာရတွင် Research ဟု သုံးနှုန်းပြီး အတည့်ကောက်ယူလျှင် ထပ်ခါထပ်ခါ စဉ်ဆက်မပြတ် ရှာဖွေနေခြင်းပင်ဖြစ်ကြောင်း၊ မြန်မာစာအဘိဓာန်တွင်လည်း "တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရှိရန် စူးစမ်းရှာဖွေခြင်း" ဟု ဖွင့်ဆိုထားပါကြောင်း၊ ထို့ကြောင့် သုတေသနလုပ်ငန်းဆိုသည်မှာ အကြောင်းအရာများစွာကို ခြေခြေမြစ်မြစ် သိရှိနိုင်စေရန် စဉ်ဆက်မပြတ် စူးစမ်းရှာဖွေနေရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

အနုသုခုမဆိုင်ရာ စာတမ်းငါးစောင် ဖတ်ကြားရာတွင် အဆို၊ အက၊ တေးသီချင်းများနှင့် သက်ဆိုင်သည့် တင်ဆက်ကပြမှုဆိုင်ရာ စာတမ်းများကိုသာမက ထိုတင်ဆက် ပြသမှုများကို အထောက်အကူပြု ပံ့ပိုးသည့် အနုပညာရပ်များ၊ အတတ်ပညာရပ်များ၏ အခန်းကဏ္ဍများကိုပါ စာတမ်းများအဖြစ် ထည့်သွင်းဖတ်ကြားသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကို ကျင်းပရာ နံနက်ပိုင်းအစီအစဉ်အဖြစ် အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခ (ငြိမ်း) ဦးစုအောင်က "ကဗျာရေးထုံးများမှ တစ်ဆင့်ဖြစ်တည်လာသော ဇာတ်စာ၊ ဇာတ်စကားများ" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဆွေက "ဇာတ်ခုံ၊ ဇာတ်ရုံများနှင့် အနုပညာဗဟိုဌာနတို့အား လေ့လာတင်ပြခြင်း" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်သဒ္ဓမ္မဇောတိက ဓဇ ဦးရန်နိုင်သိန်းက "မြန်မာ့ပြက္ခဒိန်သမိုင်းစဉ်" စာတမ်းကိုလည်းကောင်း၊ သုတေသနလက်ထောက်-၂ ဦးတင်လတ်ယုက "မြန်မာ့သဘင် ဖျော်ဖြေတင်ဆက်ရာတွင် မင်းသား၊ မင်းသမီးများ မှော်ဇာ (သို့) ခြေအိတ် စတင်ဝတ်ဆင်လာခြင်း ဓလေ့အား လေ့လာချက်" စာတမ်းနှင့် ဦးစီးအရာရှိ ဦးစိန်ကုလား(ခ) ဦးအောင်ဝမ်းတူး က "မြန်မာ့ရိုးရာဆိုင်းပညာရပ်" စာတမ်းတို့ကို ဖတ်ကြားကြသည်။ စာတမ်းများ ဖတ်ကြားအပြီးတွင် စာတမ်း ဖတ်ပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခွင့်ပြုပြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရှင်သန်ရပ်တည်တိုးတက်အောင်မြင်စေရေး အလေးထားဆောင်ရွက်

နေပြည်တော်  မေ  ၃

**နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ဒေါက်တာ မောင်မောင်နိုင်က လယ်ယာကဏ္ဍ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ နေပြည်တော်



ကောင်စီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သဘောထားမှတ်ချက် မေးမြန်းလာခြင်းအပေါ် ပြန်ကြားနိုင်ရေး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရေး အတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ရှင်သန်ရပ်တည် တိုးတက်အောင်မြင်စေရေး လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများကြုံတွေ့ရသည့် အခက်အခဲများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က MAYLP Agriculture Co., Ltd. မှ အကျိုးတူလယ်ယာစနစ်ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆန်နှင့်ဆန်ကွဲများ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုချက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သဘောထား ပြန်ကြားနိုင်ရေးနှင့် စက်အုတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် သစ်လွင်သောကမ္ဘာ ရွှေပြည်တန် ကုမ္ပဏီလီမိတက်၏ တည်ဆောက်ရေးကာလ ထပ်မံတိုးမြှင့်ခြင်းအတွက် အတည်ပြုမိန့် ပြင်ဆင်ထုတ်ပေးခွင့်ပြုရန်နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့၏ ညှိနှိုင်းအစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ

**နေပြည်တော်  မေ  ၃**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် The Country Task Force on Moni-toring and Reporting – CTFMR တို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်ခင်သိန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အရာရှိကြီးများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး(UNRCO)မှ Head of the Resident Coordinator’s Office ဖြစ်သူ Mr. Peter Barwick ဦးဆောင်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီလကုန်အထိ အလုပ်အကိုင်အခွင့်အလမ်း ၆၀၀၈ ဦး ဖန်တီးပေးနိုင်ခဲ့

**ပဲခူး  မေ  ၃**

တိုင်းဒေသကြီးအတွင်း သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းပစ္စည်းများ ပေါကြွယ်ဝသဖြင့် သဘာဝမြေသြဇာ ထုတ်လုပ်သည့် စက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမှု ပိုမိုများပြားလာပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အား ထပ်မံဖြည့်ဆည်းပေးနိုင်ရန် အရေးကြီးကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၄/၂၀၂၂) တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ဆည်/တမံ၊ မြစ်ချောင်းများကို အခြေခံ၍ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ် ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရန် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များကို ဖိတ်ခေါ်သွားရမည်ဖြစ်ကြောင်း စက်မှုဇုန်အတွင်း မြေလပ်မရှိစေရေးနှင့် စက်မှုမြေငှားရမ်းမှု မြန်ဆန်ချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက အဆင့်မြင့်ဆန်အမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်၍ ပြည်ပသို့ တင်ပို့မည့် လုပ်ငန်း၊ ကုန်ကြမ်းအမျိုးအစားသစ် ထပ်မံတင်သွင်းပြီး ကုန်ချော ပြောင်းလဲထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် Unboxing Investment Facili-tation Toolkit 2022 တို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်း တင်ပြချက်များအရ ပဲခူးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု မြန်မာငွေကျပ်သန်း ၁၂၀၀ တိုးမြှင့်ဝင်ရောက်ခဲ့ပြီး ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးမြှင့် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီလကုန်အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၆၁၂ သန်းနှင့် မြန်မာကျပ်ငွေ ၉၅၂၉ ဒသမ ၁၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀၀၈ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်  မေ  ၃**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် လွန်ကျော်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ကျောက်တော်မြို့၊ အမ်းမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# (၂၉) နှစ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

## စတုတ္ထမဏ္ဍိုင်ပီသသည့် စာနယ်ဇင်းသမားကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ (၂၉) နှစ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Video Message ပေးပို့၍(ယာပုံ) အမှာစကားပြောကြားရာ၌ ယခုနှစ် World Press Freedom Day ဆောင်ပုဒ်ဖြစ်သည့် "ဒစ်ဂျစ်တယ်ထိုးနှက်မှုအောက်မှ ဂျာနယ်လစ်ဇင်"ဆိုရာမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းသမားများ၏ ဘေးကင်းမှု၊ သတင်းရယူခွင့်နှင့် ကိုယ်ရေးကိုယ်တာအပေါ် ဒစ်ဂျစ်တယ်ခေတ်၏ သက်ရောက်မှုများသည် အရေးကြီးကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါကြောင်း၊ အချက်အလက် ခိုင်မာတိကျမှုမရှိသည့် သတင်းမှားများ၊ လုပ်ကြံသတင်းများ၊ သက်ဆိုင်ရာဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပြီး ရေးသားထုတ်လွှင့်မှုများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းလွတ်လပ်ခွင့်တို့၏ အခြေခံလွတ်လပ်ခွင့်နှင့် အရေးပါမှုကို များစွာထိခိုက်စေသည့် အကြောင်းအရာများဖြစ်ပါကြောင်း။

သတင်းလွတ်လပ်ခွင့်ဟုဆိုရာတွင် နည်းမှန်လမ်းမှန်နှင့် အခြေခံလူ့အခွင့်အရေးကို အလွဲသုံးမှုမပြုဘဲ မှန်ကန်သည့် မီဒီယာကျင့်ဝတ်များကို လိုက်နာပြီး ပြည်သူများအတွက် စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်သည် စာနယ်ဇင်းလောကသားများ၏ တာဝန်ပင်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်သည့် ပုဂ္ဂလိကမီဒီယာများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍသည် အမြဲအရေးကြီးသည်ဆိုခြင်းကို ခွင်းချက်မရှိ အလေးအမြတ်ပြုပြီးဖြစ်ပါကြောင်း။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာအသီးသီးမှ စာနယ်ဇင်း ဆရာ ဆရာမများအားလုံး၊ မီဒီယာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအားလုံး ကျန်းမာရွှင်လန်းပြီး မီဒီယာလုပ်ငန်းများကို ဆတက်ထမ်းပိုးရှက်ဆောင်ရင်း တည်ဆဲဥပဒေများနှင့်အညီ စတုတ္ထမဏ္ဍိုင်ပီသသည့် စာနယ်ဇင်းသမားကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာနယ်ဇင်းသမားတို့က မိမိတို့၏ အခန်းကဏ္ဍမှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၏ အမှာစကားကို ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က ဖတ်ကြားသည်။

ယင်းနောက်မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ကောင်စီဝင်များဖြစ်ကြသည့် ပါမောက္ခဒေါက်တာမြသိန်းဟန်၊ ဒေါက်တာဇော်သန်း၊ ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက် - ဆေး(၁)) နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်းတို့က "သတင်းအမှန် ပြည်သူ့ထံ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ယင်းနောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ(၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက်တင်မောင်ဦး)က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သရက်မြို့တွင် ၄ ဒသမ ၄၀ လက်မ၊ နေပြည်တော်လေဆိပ်(ဧလာ)တွင် ၃ ဒသမ ၃၄ လက်မ၊ မအူပင်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ပျဉ်းမနားမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ နေပြည်တော်(ဇမ္ဗူသီရိမြို့နယ်)တွင် ၂ ဒသမ ၉၉ လက်မ၊ ဘော်လခဲမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၂ ဒသမ ၃၆ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၂၉ လက်မ၊ တောင်ငူ(လေကြောင်းမိုးလေဝသ)တွင် ၂ ဒသမ ၂၄ လက်မ၊ လယ်ဝေးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ နေပြည်တော်(ဒက္ခိဏသီရိမြို့နယ်)တွင် ၂ ဒသမ ၀၅ လက်မနှင့် ပူတာအိုမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## အင်းတော်မြို့နယ် လမ်းဦးစီးဌာနက ရွှေဘို-မြစ်ကြီးနားသွားလမ်းမကြီးပြုပြင်

**အင်းတော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသော ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းအတွင်း လမ်းမျက်နှာပြင် ပျက်စီးနေသောနေရာများကို တိုင်းဒေသကြီး သာမန်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကိုမင်းက ပြောပြသည်။ ထိုသို့ပြုပြင်ဆောင်ရွက်ထားမှုကြောင့် ယခုအခါလမ်းများ ကောင်းမွန်လျက်ရှိပြီး ခရီးသွားပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **လှူအောင်(ကသာ)**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရေးနှင့် ကြွေးကျန်များ စနစ်တကျကောက်ခံရရှိရေး ဆွေးနွေးပွဲသို့ တက်ရောက်

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး အတွင်း စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးနိုင်ရေးနှင့် ကြွေးကျန်များ စနစ်တကျကောက်ခံရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သတ်မှတ်စည်းကမ်းများနှင့်အညီ စိုက်ပျိုးစရိတ် ချေးငွေများ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန်အပြင် ကိုဗစ်-၁၉ အထူးချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေများ ပြန်လည်ကောက်ခံချိန်တွင် အခက်အခဲမရှိရေး ဌာနဆိုင်ရာများအလိုက် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ပေးဆပ်ရမည့်ကာလ ဖြေလျှော့သကဲ့သို့ ချေးငွေကာလကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးရာသီစိုက်ပျိုးချိန်အတွက် တောင်သူလက်ဝယ်သို့ ချေးငွေများ မှန်ကန်မြန်ဆန်စွာရောက်ရှိရေး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကြွေးဟောင်းများအမြန်ပေးဆပ်ပြီး ချေးငွေသစ်များ ထုတ်ချေးနိုင်ရန် စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ချေးငွေများ မှန်ကန်စွာသုံးစွဲရန် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဘဏ်ခွဲအလိုက် လုံခြုံရေးဂရုပြုဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက စိုက်ပျိုးတောင်သူများအတွက် ချေးငွေများထုတ်ချေးပေးနိုင်ရေးနှင့် ကြွေးကျန်များရရှိရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ချေးငွေထုတ်ပေးသည့်စနစ်နှင့် ကြွေးကျန်များ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကြွေးကျန်ပေးဆပ်ခြင်းမရှိမှုများအပေါ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ



တောင်ကြီး မေ ၃

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ တောင်ကြီး-ဟိုပုံး ကားလမ်းမဘေးရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။**

အစီအစဉ် ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ရုံးအဆောက်အအုံသစ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ရှမ်းပြည်နယ်သည် ဧရိယာကြီးမားကျယ်ပြန့်ပြီး ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းကြောင်းစသည့် အရင်းအမြစ်များနှင့် ကျောက်မျက်ရတနာ၊ သတ္တုစသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာ၊ ရိုးရာအစားအစာချက်ပြုတ်နည်းများ၊ ရိုးရာပွဲတော်၊ ရိုးရာအားကစား၊ တိုင်းရင်းသားဆေးပညာများ၊ ရိုးရာလက်မှုပညာစသည့် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များမှာလည်း မိမိတို့တိုင်းရင်းသားများ ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြ၍ ယနေ့အချိန်အထိ ဆက်လက်ရှင်သန်နေခြင်းဖြစ်ပါကြောင်း၊ ထိုအမွေအနှစ်များကို သားစဉ်မြေးဆက် ဆက်လက်တည်တံ့နေစေရေး ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မိမိတို့အားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့ငြိမ်းချမ်းရေးသမိုင်းတွင် တစ်ခါမှ မရှိဖူးသည့် လိုက်လျောကမ်းလှမ်းချက်နှစ်ခုဖြစ်သည့် တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်နိုင်ရေး ဖိတ်ကြားထားကာ နိုင်ငံတော်က ငြိမ်းချမ်းရေးအတွက် အထူးအလေးပေးဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး တက်ညီလက်ညီဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို ကြိုးပမ်းထူထောင်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မုဒိတာဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဧည့်သည်တော်များကို ရုံးဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ဆက်လက်၍ ကောင်းထက်ထွန်းကုမ္ပဏီလီမိတက်က ရုံးအဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုးနှင့် အင်းသား တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဆုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ဟားခါး မေ ၃**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်သည် မေ ၃ ရက်က ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ယခင်အစိုးရ လက်ထက် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ပြီး ဗဟိုကော်မတီသို့ တင်ပြခဲ့သည့် အမှုတွဲများအနက် သက်ဆိုင်ရာဝန်ကြီး ဌာနနှင့် ခရိုင်၊ မြို့နယ်တို့မှ ချင်းပြည်နယ် အစိုးရအဖွဲ့သို့ သဘောထားတောင်းခံလာသည့် အမှုတွဲများကို ယခုတက်ရောက်လာကြသည့် တာဝန်ရှိသူအားလုံးက လက်ရှိအခြေအနေနှင့် နှိုင်းယှဉ် စဉ်းစားဆုံးဖြတ်ပြီး လုပ်ထုံး၊ လုပ်နည်းများနှင့် ညီညွတ်စေရန်အတွက် ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးပေးကြရန် အမှာစကား ပြောကြား သည်။



ထို့နောက် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ကြိုင်က ယခင်အစိုးရ လက်ထက်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ပြီး ဗဟိုကော်မတီသို့ တင်ပြခဲ့သည့် အမှုတွဲများအနက် တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ သဘောထား တောင်းခံလာသည့် အမှုတွဲလေးခု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်နယ်ကော်မတီသို့ လျှောက်ထားသည့် အမှုတွဲ တစ်ခုနှင့် အစိုးရက ခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လျှောက်ထားသည့် အမှုတွဲ လေးခုတို့ကို အမှုတွဲတစ်ခုချင်းအလိုက် ပါဝါပွိုင့်ဖြင့် ရှင်းလင်း တင်ပြကာ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုးနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတွင် ပါဝင်သော ကော်မတီဝင်များ အနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများကို သေသေချာချာ လေ့လာစေလိုကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း လေ့လာဖတ်ရှုနိုင်စေရန် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာအုပ်အဖြစ် ပြုလုပ်ပေးစေလိုကြောင်းနှင့် ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်မြို့၌ ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်



**မြိတ် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြိတ်ခရိုင် ငါးလုပ်ဦးစီးဌာနမှ ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း(၁/၂၀၂၂) ဖွင့်ပွဲကို မြိတ်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး(မြိတ်)၌ မေ ၃ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းသည်။ သင်တန်းတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား ၅၀ တက်ရောက်သည်။ သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းသားများက ပင်လယ်ပြင်၌ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုကိုးကျွန်းမှ ပြန်ခဲ့သည်

မြင့်စိုး(နတလ)

**ကျွန်တော်နှင့် နယ်စပ်ဒေသများ**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းက ခေါင်လန်ဖူးနှင့် ပန်နန်းဒင်မြို့များသို့ ကျွန်တော် ရောက်ဖူးသွားခဲ့ဖူးပြီ။ ကယားပြည်နယ်ထဲက မယ်စဲ့မြို့ကိုဖြတ်ပြီး နယ်ခြားမှတ်တိုင် BP-၁၃ ထိလည်းကောင်း၊ ရွာသစ်ကိုဖြတ်ပြီး ဟွေပုံလောင်းထိလည်းကောင်း ခြေဆန့်ခဲ့ပြီးပြီ။ ကရင်ပြည်နယ်ထဲက စုကလိ၊ ဝေါလေဒေသများကိုလည်း ရောက်ခွင့်ကြုံခဲ့သလို ချင်းပြည်နယ် မြောက်ပိုင်းမြို့နယ်အားလုံး ရောက်ဖူးခဲ့သည်။ တွန်းဇံမြို့နယ်၏ မြောက်ဘက်နယ်နိမိတ်သည် မြန်မာပြည်မြေပုံတွင် အနောက်မြောက်ယွန်းယွန်းဆီက အထစ်ကလေး သုံးထစ်အနက် အပေါ်ဆုံးအထစ်ကလေး၏ အနားသတ်မျဉ်းဖြစ်လို့နေပါသည်။

ရခိုင်ပြည်နယ်ထဲမှာလည်း မောင်တောမြို့မြောက်ဘက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းတစ်လျှောက် အတန်ငယ်ခရီးပေါက်ခဲ့သည်။ ထိုနေရာမှာ ကားလမ်းက ပင်လယ်ကမ်းစပ်နှင့် ပူးတုံခွာတုံဖြစ်နေ၍ တစ်ခါတစ်ရံ ပင်လယ်လှိုင်းခေါင်းဖြူများကိုပင် မြင်နေရ၏။ ရှမ်းပြည်နယ်ထဲမှာတော့ တောင်ပိုင်းဒေသ မြန်မာ-ထိုင်း နယ်စပ်အနီးက ဟိုမိန်းမြို့လေးကို ၁၉၉၆ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သည်။ နောက်ထပ် နှစ်ကြိမ်ကြီးများတောင် ရောက်ခွင့်ကြုံသဖြင့် အရာရာကို မှတ်မိနေဆဲ၊ သတိရနေဆဲ။ ကိုးကန့်ဒေသမှာ တာဝန်ထမ်းဆောင်ရခိုက် မြန်မာ-တရုတ်နယ်စပ်ကိုကျော်၍ နမ့်စန်မြို့လေးထိ သွားရောက်လည်ပတ်ဖူးတာကို မမေ့ခဲ့ပါ။

'ဝ' ဒေသ ပန်ဆန်းမြို့ကိုလည်း သုံး၊ လေး ကြိမ်မက ရောက်လိုက်သေးသည်။ နယ်စပ်ဖွံ့ဖြိုးရေးကိစ္စ၊ သံလွင်အရှေ့ခြမ်း 'ဝ'ဒေသတွင် သီတင်းသုံး နေထိုင်သော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆပ်ကပ်လှူဒါန်းခြင်း ကိစ္စများအတွက် ရောက်ခဲ့ခြင်းဖြစ်၏။ 'ဝ' ဒေသကို ရောက်တုန်းရောက်ခိုက် ၁၉၈၉ ခုနှစ်အထိ ဗကပဗဟိုဌာနချုပ် ပြုလုပ်ထားသောနေရာသို့ သွားရောက်လေ့လာရင်း သခင်ဗသိန်းတင် နေသောနေရာနှင့် အစည်းအဝေးခန်းမ၊ ဗိုလ်မှူးချုပ် ကျော်ဇော၊ ရဲဘော်သံချောင်း၊ ရဲဘော်သန်းရွှေတို့ နေထိုင်ရာ အိပ်ဆောင်လေးများအား လိုက်လံကြည့်ရှုခဲ့ရသည်။ သွေးချင်းတို့၏ နာဂဒေသထဲမှာတော့ လေရှီးကိုသွားရင်း အိန္ဒိယနယ်စပ်နှင့်နီးသည့် ဆွမ္မရာမြို့လေးဆီကို ရောက်အောင်သွားခဲ့သလို နန်းယွန်းမြို့နယ်ထဲက သွားရလာရခက်ခဲသော တကားကျေးရွာသို့လည်း ရောက်ခဲ့သည်။

ထိုသို့ ထူးထူးခြားခြား နယ်စပ်ဒေသမြို့ရွာလေးများဆီကို ကျွန်တော် ရောက်ခွင့်ကြုံခဲ့သည်။ အလွန်သွားချင်သော မော်ဖဒေသ၊ မက်မန်းမြို့လေးသည် ပင်လျှင် သုံးခေါက်မြောက် ရောက်ဖို့အထိ အခွင့်အရေးရခဲ့သည်။ တစ်နည်းပြောရလျှင် စိတ်သွားတိုင်း ကိုယ်ပါလျက် လိုရာခရီးကို နှင်နိုင်ခဲ့သည်ဟု ဆိုရပေမည်။ သို့သော် - မြို့လေးတစ်မြို့ကိုတော့ဖြင့် ကျွန်တော် ရောက်ဖို့ရာ ဘယ်တုန်းကမှ မျှော်လင့်မထားသလို တစ်ချိန်ချိန် ရောက်သွားလိမ့်မည်ဟုလည်း မည်သည့်အခါကမျှ မျှော်လင့်မထားခဲ့ပါ။ ယခုတော့ ရောက်ခွင့်ကြုံခဲ့ပြီ၊ ရောက်ခဲ့ရပြီ၊ စိတ်ထဲမှာ အလွန်ပဲအံ့သြခဲ့ရပါသေးသည်။ ထိုမြို့လေးကား အခြားမဟုတ်ပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့လေးပင် ဖြစ်တော့သည်။

**ကိုကိုးကျွန်းသို့ ခရီးနှင်**

၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ နံနက် ၈ နာရီခွဲ




ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ။

- **ကိုကိုးကျွန်းသည် ၁၉၃၈ ခုနှစ်တွင် ဗြိတိသျှ ဂျေဝက်ကုမ္ပဏီမှ အိန္ဒိယလုပ်သားများ ခြေချခဲ့ဖူးသောနေရာ၊ ၁၉၄၂-၁၉၄၅ ကာလအတွင်း ဖက်ဆစ်ဂျပန်တို့၏ အခြေစိုက်စခန်းနေရာဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာအောက်သို့ ပြန်လည်ရောက်ရှိခဲ့**
- **မြို့နေလူထုသည် ရေလုပ်ငန်းနှင့် အဓိကအသက်မွေးဝမ်းကျောင်းပြုပြီး လမ်းပန်းဆက်သွယ်ရေးအရလည်း ရေလမ်းကိုသာ အားထားကြရသည်။ အိမ်တွင်း စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဥယျာဉ်ခြံသီးနှံစိုက်ဧက ၁၂၆၀ ခန့်ရှိ**

အချိန်တွင် တပ်မတော်လေယာဉ်ကြီးသည် ကိုကိုးကျွန်းသို့ လိုက်ပါမည့် ဝန်ထမ်းများ၊ တပ်မတော်သား မိသားစုဝင်များအား တင်ဆောင်လျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အားယူရုန်းထပျံသန်းခဲ့သည်။ ကနဦး မြင်နေရသည့် ရန်ကုန်ဒေသမြင်ကွင်းများက ကျွန်တော့်အတွက် သိပ်မထူးဆန်းလှ၊ မကြာခဏ မြင်ဖူးနေကျမြင်ကွင်းများဖြစ်သည်။ ထိုမှ မြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်သောအခါ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ကို လေယာဉ်ပြတင်းပေါက်မှ လှမ်း၍မြင်နေရသည်။ နာရီဝက်ခန့်အကြာမှာတော့ လေယာဉ်က ပင်လယ်ပြင်ကြီးပေါ်မှ စတင်ဖြတ်သန်းနေပေသည်။ မြင်ကွင်းသိပ်မကောင်းသေးပါ။ သို့သော် နောက်ထပ်နာရီဝက်ခန့် ပျံသန်းပြီးသည်နှင့် လေယာဉ်ဘီးချသံ ကြားလိုက်ရ၍ အောက်သို့ ငုံ့ကြည့်လိုက်မိသည်။

အရှေ့ဘက်ဆီက ဖြာကျလာသော နေရောင်ခြည်အောက်မှာ ပင်လယ်လှိုင်းကြက်ခွပ်လေးများက တဖျတ်ဖျတ် လူးလွန့်နေသည်။ မကြာမီ လေယာဉ်သည် ကိုကိုးကျွန်းလေဆိပ်သို့ ဆင်းတော့မည်။ ခရီးသည်အများစုကတော့ တပ်မတော်သား မိသားစုများ ဖြစ်သည်။ ဝန်ထမ်းထဲမှာ အခြားဌာနမှ ဝန်ထမ်းများ ပါကောင်းပါပါလိမ့်မည်။ ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်မူ ကျွန်တော်နှင့်အတူ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဒုညွှန်ချုပ် ဦးကျော်ဇင်လတ်၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ အင်ဂျင်နီယာမှူးကြီး ဦးထွန်းလင်းဦး၊ လ/ထ ညွှန်ကြားရေးမှူး ဒေါ်သိန်းငွေ၊ စက်မှုကျွမ်းကျင်-၂ ဦးဇင်မင်း၊ နည်းပြ ဒေါ်မေဇင်ခိုင်တို့ ခြောက်ဦး လိုက်ပါလာခဲ့သည်။

**ကိုကိုးကျွန်းဒေသဆိုသည်မှာ**

ကိုကိုးကျွန်းသည် ၁၉၃၈ ခုနှစ်တွင် ဗြိတိသျှ ဂျေဝက်ကုမ္ပဏီမှ အိန္ဒိယလုပ်သားများ ခြေချခဲ့ဖူးသောနေရာ၊ ၁၉၄၂-၁၉၄၅ ကာလအတွင်း ဖက်ဆစ်ဂျပန်တို့၏ အခြေစိုက်စခန်းနေရာဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

*စာမျက်နှာ ၁၁ သို့*





ကိုကိုးကျွန်းမြို့နယ်ရှိ ပင်လယ်ကမ်းခြေ ရှုခင်းများကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ပထဝီအနေ အထားအရ ကိုကိုးကျွန်းမြို့နယ်သည် တောင်မှ မြောက်သို့ ၇ မိုင်ခန့် ရှည်လျားပြီး စတုရန်းမိုင်အားဖြင့် ၁၄ ဒသမ ၅၆ မိုင်ခန့် ရှိနေပါသည်။ မြောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ စလစ်ပါ (ဘိနပ်)ကျွန်း၊ မင်္ဂလာ(မီးပြ)ကျွန်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး အရှေ့ဘက်တွင် ကပ္ပလီပင်လယ်၊ ကြွက်ကျွန်း၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ ဂျယ်ရီကျွန်းနှင့် အိန္ဒိယနိုင်ငံပိုင် အက်ဒမန်ကျွန်းစုတို့နှင့် ထိစပ်နေသည်။ အနောက်ဘက်တွင်မူ ဘင်္ဂလားပင်လယ်အော်၊ ကိုကိုးလေးကျွန်းတို့ တည်ရှိနေကြောင်း တွေ့မြင်ခဲ့ရသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ၁၂ ပေရှိပြီး အမြင့်ဆုံးနေရာမှာ အမြင့် ၃၆၆ ပေရှိ ရွှေရင်စို့တောင် ဖြစ်ပါသည်။

ကိုကိုးကျွန်းမြို့လေး၌ ရပ်ကွက်နှစ်ခုအတွင်း အိမ်ခြေ ၃၃၄ အိမ်၊ အိမ်ထောင်စု ၃၅၁ စုရှိကာ စုစုပေါင်းလူဦးရေ ၁၂၄၄ ဦး နေထိုင်လျက်ရှိသည်။ ဗမာတိုင်းရင်းသားများ အများဆုံးနေထိုင်ကာ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများကိုလည်း တွေ့နိုင်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်း၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပါအဝင် ဌာနပေါင်း ၂၀ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ စုစုပေါင်း ဝန်ထမ်းအင်အားမှာ ၁၈၉ ဦးဖြစ်၏။ မြို့နေလူထုသည် ရေလုပ်ငန်းနှင့် အဓိကအသက်မွေးဝမ်းကျောင်းပြုပြီး လမ်းပန်းဆက်သွယ်ရေးအရလည်း ရေလမ်းကိုသာ အားထားကြရသည်။ အိမ်တွင်း စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ဥယျာဉ်ခြံသီးနှံစိုက်ဧက ၁၂၆၀ ခန့်ရှိပါသည်။ မြို့ရေပေးရေးအတွက် ကိုကိုးရေလှောင်တမံသည် ရေဝင်ဆံ့မှု ၂၄၅ ဧက ရှိပါသည်။ မြို့နှင့် ဌာနဆိုင်ရာရုံး၊ ကျောင်း၊ ဆေးရုံတို့အတွက် ရေလုံလောက်မှုရှိသည့်အပြင် ဥယျာဉ်ခြံမြေ ၄၉ ဧကသို့ ရေပေးဝေနိုင်ခဲ့ပါသည်။

**အုန်းထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ် သက်သာစွာရောင်းချနိုင်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ခရီးစဉ်အတွင်း “ကိုကိုးကျွန်းမြို့နယ်တွင် အဓိကထွက်ရှိသော အုန်းထွက်ပစ္စည်းများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ ယခုထက်ပိုမိုစီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးဆောင်ရွက်ရန်” လမ်းညွှန်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ကြီးကြပ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့တော်ခန်းမတွင် အုန်းသီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်ကာ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ပါသည်။



ကိုကိုးကျွန်း ရေလှောင်တမံ။

ကိုကိုးကျွန်းမြို့မှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသော ဒေသခံပြည်သူများ၊ နယ်မြေခံ တပ်မှ မိသားစုဝင်များ တက်ရောက်ခဲ့ကြရာ အုန်းသီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၁ ဦး၊ အုန်းအမာခွံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြပါသည်။ ဒုညွှန်မှူး ဒေါက်တာကြူကြူလှိုင်၊ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်၊ ဒေါ်လင်းလင်းသန္တာအောင်၊ လ/ထ အင်ဂျင်နီယာ ဒေါ်ဌေးဌေးဝေ၊ လက်မှုကျွမ်းကျင် ဦးလင်းပိုင်ဟိန်းတို့က ကြီးကြပ်သင်ကြား လေ့ကျင့်ပေးခဲ့ရာ ဘာသာရပ် အမျိုးမျိုးရှိသည့်အနက် ဒေသနှင့် ကိုက်ညီသော ငါးမုန့်ခြောက်၊ အုန်းသီးဝိုင်၊ အုန်းဂျယ်လီ၊ တာရှည်ခံအုန်းသီးဖျော်ရည်၊ အုန်းရှာလကာရည်၊ အုန်းသီးရေခဲမုန့်၊ အုန်းသီးပေါင်မုန့်အမျိုးမျိုး၊ အုန်းသီးကိတ်မုန့်အမျိုးမျိုး၊ အုန်းသီးကွတ်ကီးနှင့် ကိတ်ခြောက်အမျိုးမျိုး၊ အုန်းသကြား၊ အုန်းသီး syrup စသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းများ၊ ဆပ်ပြာခဲအမျိုးမျိုး၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ပရုတ်ဆီ ကဲ့သို့သော လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများ၊ သော့ချိတ်၊ ခတ်ပုံပေါင်၊ အပူခံပြား၊ ဖုန်းထည့်အိတ်၊ သောက်ရေခွက်၊ ဆံထိုး၊ ကမ်းခြေဆောင်းအုန်းလက်ဦးထုပ်၊ ရေနွေးအိုး၊ ရွက်လှေ၊ ဇီးကွက်ရုပ် စသော အုန်းအမာခွံလက်မှုထည်လုပ်ငန်းများကို သင်ကြားပေးခဲ့ပါသည်။

ယင်းသင်တန်းဆင်း သင်တန်းသားများသည် ဒေသအတွင်း ပေါများစွာထွက်ရှိသော အုန်းသီးများအား အခြေခံ၍ တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား စနစ်တကျ ထုတ်လုပ်နိုင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်ရာ၌လည်း ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။ ၎င်းပြင် ဈေးကွက်စီးပွားရေးခန့်ခွဲမှုနှင့် ထုပ်ပိုးမှုနည်းလမ်းများ၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ လိုက်နာရမည့် အချက်များကိုပါ လေ့လာသိရှိနိုင်မည် ဖြစ်ပေသည်။ သင်တန်းဆင်းပြီး လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော စက်ပစ္စည်းများကိုပါ ကူညီပံ့ပိုးပေးခဲ့သည်။

**အုန်းဆံကြိုးသင်တန်း ထပ်မံဖွင့်လှစ်မည်**

ကျွန်တော်တို့အဖွဲ့ ကိုကိုးကျွန်းသို့ မသွားရောက်မီ ရက်အနည်းငယ်အလို၌ အုန်းဆံကြိုးစက်ရုံအတွက် လိုအပ်သော စက်ပစ္စည်း လေးမျိုးကို သင်္ဘောဖြင့် ကြိုတင်ပေးပို့ထားပါသည်။ ယင်းစက်ပစ္စည်းများ တပ်ဆင်ပြီးလျှင် အုန်းဆံကြိုး အခြေခံ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်သင်တန်းကို ဆက်လက်သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်း တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများလည်း အသင့်ရှိနေပြီဖြစ်ပါသည်။ ဆရာမကြီး ဒေါ်သိန်းဌေး၊ ဦးဇင်မင်း၊ နည်းပြ ဒေါ်မေဇင်ခိုင်တို့က သင်ကြားလေ့ကျင့်ပေးသွားပါမည်။ အုန်းဆံကြိုးစက်ရုံအတွက် တည်ဆောက်ထားသည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ထိုမှ တစ်ဆင့် ယခင်သင်တန်းဆင်း ဦးမျိုးနိုင်၏ ‘ပြည့်စုံ’ စားသောက်ကုန်လုပ်ငန်းတွင် ယိုထုတ်လုပ်မှုနှင့် ရေခဲမုန့်ပြုလုပ်နေသူများကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ အချိန်အနည်းငယ်ရသေးသဖြင့် ကိုကိုးကျွန်း ရေတပ်အခြေစိုက်စခန်းက ဖွင့်လှစ်ထားသော အုန်းဆံကြိုးစက်ရုံ၊ အိမ်သုံးပစ္စည်းများ၊ အလှဆင်လက်မှုပစ္စည်းများ ထုတ်လုပ်နေမှုကို လေ့လာကြည့်ရှုခဲ့ကြပါသည်။

**ကိုကိုးကျွန်းမှ ပြန်ခဲ့သည်**

ကိုကိုးကျွန်းမြို့လေးမှာ အချိန်ပိုင်းသာ နေခွင့်ရခဲ့သည်။ ရသည့်အချိန်လေးမှာပင် ဒေသခံများ၊ သင်တန်းတက်ရောက်မည့်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အား အကောင်အထည်ဖော်နိုင်ရေး၊ ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များ အောင်မြင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ကားလမ်းဝဲယာတစ်လျှောက် မြင်တွေ့နေရသော ရုံးများ၊ လူနေအိမ်များကို ငေးမောကြည့်ရှုခဲ့၏။ ပြန်/ဆက်ရုံးတွင် စာကြည့်တိုက်တစ်ခု၊ ပညာရေးဌာနတွင် စာကြည့်တိုက်တစ်ခုရှိကြောင်း သိရ၍ အဘဦးညွန့်ဆွေ (ဒုဝန်ကြီး-ငြိမ်း) တို့၏ မြန်မာနိုင်ငံစာကြည့်တိုက်များအသင်း ဖောင်ဒေးရှင်းနှင့် ဆက်သွယ်ကာ စာအုပ်စာစောင်များ လှူဒါန်းနိုင်မည်ဟု ဖျတ်ခနဲအတွေးဝင်မိ၏။ ကိုကိုးကျွန်းမြို့၏ တစ်ကျောင်းတည်းသော သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်းရှေ့သို့အရောက် လက်အုပ်ချီမိုးရှိခိုးခဲ့ပါသေးသည်။ (၄)မိုင် ကမ်းခြေနေရာလေးသည်ကား မြို့သူမြို့သားများ အပန်းဖြေရေချိုးဆိပ်နေရာလေး ဖြစ်ကြောင်းသိရသည်။ ကြည့်ရသည်မှာ သာသာယာယာ နေရာလေးတစ်ခုပါပေ။

ဂျယ်ရီကျွန်းဘက်သို့လည်း လှမ်းမျှော်ကြည့်ရှုရင်း တစ်ချိန်က အကျဉ်းကျခံရသူများ၏ ပုံရိပ်များကို ပြန်လည်မှန်းဆ သတိရမိပါသေးသည်။ ကိုကိုးကျွန်းမှ လေယာဉ်ပြန်အတက်တွင်မူ မြို့ရေပေးရေးကို အထောက်အကူပေးနေသည့် ကိုကိုးရေလှောင်တမံအား လှမ်း၍မြင်ရ၏။ ထို့ပြင် သမိုင်းဝင် မင်္ဂလာ(မီးပြ)ကျွန်းကိုလည်း မြင်ခွင့်ရလိုက်သည်။ ပင်လယ်ရေပြင်ပေါ်မှဖြတ်၍ ပျံသန်းနေခိုက် ကိုကိုးကျွန်းမြို့လေးက ဝေး၍ဝေး၍ ကျန်ခဲ့သည်။ သို့သော် ယင်းဒေသငယ်လေးအား မျှော်မှန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေလိုသည့် ဇောစေတနာကမူ ကျွန်တော့်ရင်ထဲမှာ ငြိတွယ်လိုက်ပါလာခဲ့သည်။ ပြန်လည်ဆုံတွေ့ကြပါဦးစို့။ ။


## ရှမ်းရွာသစ်မြို့ မဲသမူး - မဲသမူးခီးကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**ရှမ်းရွာသစ် မေ ၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မဲသမူးကျေးရွာအုပ်စုရှိ မဲသမူး - မဲသမူးခီးကျေးရွာကို ဆက်သွယ်ထားသော မြေသားလမ်း တစ်မိုင်ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျေးရွာများမှ ဒေသနေပြည်သူများ ဒေသတစ်ခုမှတစ်ခုသို့ ပိုမိုလွယ်ကူစွာ ကူးလူးသွားလာနိုင်ပြီး ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် တောင်ယာစိုက်ပျိုးသည့် ပြည်သူများအနေဖြင့် မိမိတို့၏ ဒေသထွက်ကုန်များအား အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေမြင့်မားလာပြီး လူမှုစီးပွားများစွာ တိုးတက်လာမည်ဖြစ်သည်။



၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စုအတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ပြည်နယ်)ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၇၀၆ သန်းဖြင့် မဲသမူး - မဲသမူးခီး ကျေးရွာချင်းဆက်လမ်း မြေသားလမ်းတစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မြောင်းကူးတံတားလေးခု တည်ဆောက်ခြင်းလုပ်ငန်းကို စိုးပါဝါနိုင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၆၅ | ၂၄၀၅ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၄၅ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၇၂၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၇၁၅ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၅ | ၂၄၃၅ | ၂၆၅၅ | ၂၇၅၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၅ | ၂၄၃၅ | ၂၆၅၅ | ၂၇၅၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၆ | ၁၉၃၇ |
| 95 Ron | ၁၉၂၃ | ၁၉၉၅ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၈၉ |
| HSD (50 ppm) | ၂၂၄၃ | ၂၃၁၇ |
| HSD (10 ppm) | ၂၂၄၃ | ၂၃၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## လောက်ကိုင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လောက်ကိုင် မေ ၃**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့လုံးကျွတ် သန့်ရှင်းရေးလုပ်ငန်းကို ဧပြီ ၃၀ ရက်မှ စတင်ပြီး တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) မှ ဗိုလ်မှူးချုပ် ဇော်မင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် လောက်ကိုင်တပ်နယ်နှင့် လမ်းမကြီးတစ်လျှောက်တွင် လည်းကောင်း၊ ပြည်ထောင်စုလမ်း ငြိမ်းချမ်းရေးပန်းခြံ ဦးစီးမီးပွိုင့်မှ ဘုံခုနစ်ဆင့်အထိ လည်းကောင်း၊ နားပန်ရွာအဝင် ကွန်ကရစ်လမ်းမှ နားပန်တံတားအထိ လည်းကောင်း၊ မီးသတ်ကား၊ ရေကားများဖြင့် ရေများပက်ဖျန်း၍ သန့်ရှင်းရေးများ ပြုလုပ်ကာ **(အပေါ်ပုံ)** အမှိုက်များ ကောက်ယူခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ပေါင်းပင်များ နုတ်ယူခြင်းတို့ကို ဆောင်ရွက်သည်။

အလားတူ အနော်ရထာအဝိုင်းနှင့် ဘုံခုနစ်ဆင့်အနီးရှိ လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရေမြောင်းများအတွင်း ပိတ်ဆို့နေသည့်အညစ်အကြေးများကို စက်ယန္တရားများ အသုံးပြုကာ တူးဖော်ဆယ်ယူခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

## ရေကြောင်းသတိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ A-1 ဧရိယာတွင် Shwe Phase 2 Development Project အရ Offshore Installaion Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN (Call Sign: C6DC6) ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁ ဒသမ ၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂ ဒသမ ၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၂၀၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ ဒသမ ၁၅၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁ ဒသမ ၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆ ဒသမ ၉၈၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ မေ ၁၆ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Shwe Phase 2 Development Project အရ Offshore Installaion Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# သီရိလင်္ကာအစိုးရသည် လက်တလောစီးပွားရေးအကျပ်အတည်းကြောင့် ဝင်ငွေနည်းမိသားစုများကို အထူးငွေကြေးတစ်ရပ် ထောက်ပံ့သွားမည်

**ကိုလံဘို မေ ၃**

သီရိလင်္ကာအစိုးရသည် လက်တလော စီးပွားရေး အကျပ်အတည်းကြောင့် ဒုက္ခတွေ့နေသော ဝင်ငွေနည်းမိသားစုများကို မေလမှစပြီး သုံးလကြာ အထူးငွေကြေးတစ်ရပ် ထောက်ပံ့သွားမည်ဖြစ်ကြောင်း လူမှုမီဒီယာ ဝန်ကြီး နာလာကာ ဂိုဒါဟီဝါက မေ ၃ ရက်က ပြောကြားလိုက်သည်။

သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးက ဝင်ငွေနည်းမိသားစုများသည် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော စီးပွားရေးအကျပ်အတည်းကြောင့် ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း ပြောသည်။

ထို့အပြင် ၎င်းတို့ကို ကယ်ဆယ်ရေးပစ္စည်းများလည်း ချက်ချင်းထောက်ပံ့ပေးပို့လိုကြောင်းလည်း ဆက်လက်ပြောသည်။

လူမှုမီဒီယာဝန်ကြီး နာလာကာ ဂိုဒါဟီဝါက ဝန်ကြီးအဖွဲ့က မေ ၂ ရက်တွင် အထူးထောက်ပံ့မှုများကို မေလမှ ဇူလိုင်လအထိ ထောက်ပံ့ရန် အတည်ပြုခဲ့သည်။

**ဆင်ဟွာ**



ကုန်ဈေးနှုန်း ကြီးမြင့်လာမှုကြောင့် ဆန္ဒဖော်ထုတ်နေသော ပြည်သူတစ်ဦးကို တွေ့ရစဉ်။

# မလေးရှား၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၅၂ ဦးနှင့်အတူ သေဆုံးသူ ငါးဦးထပ်တိုး

**ကွာလာလမ်ပူ မေ ၃**

မလေးရှားနိုင်ငံ၌ မေ ၂ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၃၅၂ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၅၀၈၅၉ ဦး အထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။



မလေးရှား၌ ကိုဗစ် -၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

ပြည်ပပြန် ကူးစက်ဖြစ်ပွားသူ လေးဦးရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၃၄၈ ဦးရှိကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် သေဆုံးသူ ငါးဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၃၅၅၅၅ ဦးအထိ ရှိလာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၆၀၇၇ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၄၃၇၈၈၆၄ ဦးရှိသည်။

ထို့အပြင် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၆၆ ဦးနှင့် အသက်ရှူအထောက်အကူ ကိရိယာဖြင့် အသက်ရှူနေသူ ၄၄ ဦးအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ လက်တလော ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၆၄၄၀ ရှိသည်။

မေ ၂ ရက်က တစ်ရက်တည်း နိုင်ငံအတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၂၃၈၀ ရှိကြောင်း ဖော်ပြခဲ့သည်။ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်း အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ပြီး ၈၁ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့် ထိုးပြီးပြီဖြစ်သည်။ ထို့အပြင် ၄၉ ဒသမ ၁ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီးပြီ ဖြစ်သည်။

**ဆင်ဟွာ**

# မာရီပူးလ်မှ အရပ်သား ၁၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့

**မော်စကို/ကီယက်ဗ် မေ ၃**

လူ ၁၀၀ ကျော်ကို ဝိုင်းရံထားသော ယူကရိန်းနိုင်ငံ မာရီပူးလ်မြို့မှ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ရုရှားနှင့် ယူကရိန်းစစ်ဘက်က ပြောသည်။ သို့သော်လည်း အရေအတွက်အတိအကျနှင့် တခြားအသေးစိတ်အချက်အလက်များမှာ ကွဲပြားလျက်ရှိသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ မေ ၂ ရက် ထုတ်ပြန်ချက်အရ အဇော့ဗ်စတယ်စက်ရုံနှင့် ယင်းနှင့်ကပ်လျက်ရှိသော မာရီပူးလ်ရှိ လူနေအိမ်များမှ လူပေါင်း ၁၂၆ ဦးကို လွန်ခဲ့သော သီတင်းပတ်ကုန်က ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

စနေနေ့က လူ ၂၀ ဦး အဇော့ဗ်စတယ်စက်ရုံမှ ထွက်ခွာခဲ့ပြီး အနီးဝန်းကျင်အိမ်များမှ ၂၅ ဦး ထွက်ခွာခဲ့ကြောင်း အားလုံးမှာ ဒွန်နက်တွင် နေထိုင်ရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးဌာနက ပြောခဲ့သည်။

တနင်္ဂနွေနေ့က နောက်ထပ် အရပ်သား ၈၀ ကျော်ကို အဇော့ဗ်စတယ်စက်ရုံမှ ရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် ဆေးဘက်ဆိုင်ရာအကူအညီ၊ ယာဉ်ပေါ်တက်ရောက်ခြင်းနှင့် နေရာထိုင်ခင်းများကို ထောက်ပံ့ပေးခဲ့ကြောင်း၊ အရပ်သား ၁၁ ဦးမှာ ဒွန်နက်တွင် နေထိုင်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်းနှင့် တခြားသူများမှာ ကီယက်ဗ်ထိန်းချုပ်ထားသော ပိုင်နက်နယ်မြေများဆီသို့ ဦးတည်ထွက်ခွာချင်ကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အရပ်သားများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း၊



မာရီပူးလ်ရှိ လူနေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်ခဲ့သူများအား တွေ့ရစဉ်။

၎င်းတို့၏ ယာဉ်တန်းသည် ယူကရိန်းတောင်ပိုင်းမြို့ဖြစ်သည့် ဇာပိုရီဇာဇီယာသို့ ထွက်ခွာသွားကြောင်း သိရသည်။

သို့သော်လည်း မာရီပူးလ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းလာသော အရပ်သား ၁၀၀ ကျော်သည် ယူကရိန်းထိန်းချုပ်ထားသည့် တောင်းပိုင်းမြို့တစ်မြို့ဖြစ်သည့် ဇာပိုရီဇာဇီယာသို့ ရောက်ရှိလာခဲ့ကြောင်း ယူကရိန်းစစ်ဘက်က မေ ၂ ရက်တွင် ပြောကြားခဲ့သည်။

ယူကရိန်းဘက်က သတင်းထုတ်ပြန်ဖော်ပြချက်အရ ကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်နေကြောင်းသိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် မြို့တော်ချန်ရှာရှိ အဆောက်အအုံတစ်လုံး ပြိုကျခဲ့သည့်အတွက် လူကိုးဦးကို ဖမ်းဆီး

**ချန်ရှာ မေ ၃**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် မြို့တော်ချန်ရှာရှိ ကိုယ်တိုင်ဆောက် လူနေအဆောက်အအုံတစ်လုံး မကြာသေးမီက ပြိုကျမှုဖြစ်ပွား ခဲ့သည့်အတွက် သက်ဆိုင်ရာက လူကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း အာဏာ ပိုင်များက မေ ၃ ရက်က ပြောကြားလိုက်သည်။

အဆောက်အအုံပြိုကျမှုသည် သောကြာနေ့ ညနေ ၁၂ နာရီ ၂၄ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နောက်ထပ်စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ လက်တလော ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု ပထမဆုံးအကြိမ် ကျဆင်း

**နယူးဒေလီ မေ ၃**

လွန်ခဲ့သော ၂၄ နာရီက အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၆၈ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ မေ ၃ ရက်က ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၀၈၄၉၁၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

**လက်တလောကူးစက်မှု**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၂ ရာခိုင်နှုန်းနီးပါးမှာ ဒေလီမှ ဖြစ်ကြောင်း သတင်းဖော်ပြမှုနှင့်အတူ လက်တလောတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၅၇၄၄ ဦးရှိသည်။

ထို့အပြင် မေ ၂ ရက် နံနက်ပိုင်းကတည်းက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀ ရှိလာခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၂၃၈၈၉ ဦး ရှိလာခဲ့သည်။

**ကူးစက်သူဦးရေ ကျဆင်း**

နိုင်ငံတစ်ဝန်း လက်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၉၁၃၇ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၃ ဦးကျဆင်းခဲ့သည်။ လွန်ခဲ့သော သီတင်းပတ် အနည်းငယ်အတွင်း လက်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ကျဆင်းလာခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၄၂၅၄၁၈၈၇ ဦးရှိသည်။ ၎င်းတို့အနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်– ၁၉ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၂၉၁၁ ဦးပါဝင်သည်။

**ဆင်ဟွာ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျောင်းအိုးရပ်ကွက်နေ ဟေမာန်ဦးသည် ၎င်းအသုံးပြုသည့် "Hay Mum" Facebook အကောင့်နှင့် "Mike Chale" Facebook အကောင့်၊ ပဲခူးမြို့နယ် ဥသ္သာမြို့သစ်(၇)ရပ်ကွက်နေ အေးသူဇာသည် ၎င်းအသုံးပြုသည့် "Aye Thuzar" Facebook အကောင့်၊ နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာနေ အုန်းသန်းနှင့် အောင်မြိုင်ထွန်း(ခ)အောင်မြိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "Ohm Than" Facebook အကောင့်နှင့် "Aung Mying" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာနေ ထင်လင်းအောင်(ခ)ထင်ကြီးသည် ၎င်းအသုံးပြုသည့် "Htin Linn Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ နိုင်ဝဏ္ဏလင်း(ခ)ဝဏ္ဏသည် ၎င်းအသုံးပြုသည့် "Naing Wuna Linn" Facebook အကောင့်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ကျော်ကျော်အောင်(ခ)ကျော်ကြီးသည် ၎င်းအသုံးပြုသည့် "Kyaw Gyi" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောက်ဖြူမှ*

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ မေ ၁ ရက် ည ၁၀ နာရီတွင် ရေစကြိုမြို့နယ် စည်သာစံပြကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား (စိစစ်ဆဲ)က လက်လုပ်လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ ဦးသိန်းရွှေ (စိစစ်ဆဲ) ၏ နေအိမ်ပေါ်သို့ လက်လုပ် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နေအိမ်အတွင်းရှိနေသူများဖြစ်သည့် ဦးသိန်းရွှေ၏ အစ်မဖြစ်သူ ဒေါ်စန်းရွှေ(၄၆)နှစ် (ဘ)ဦးကျောက်စိန်နှင့် သားဖြစ်သူ မောင်ကောင်းခန့်သူ(၆)နှစ် (ဘ) ဦးသိန်းရွှေတို့တွင် ရင်ဘတ်ပွင့်ထွက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး သမီးဖြစ်သူ မသူဇာဦး (၁၂) နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးမာ (၃၀)နှစ် (ဘ) ဦးရာရွှေတို့တွင် လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။



အထက်ပါဖြစ်စဉ်မှ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ ပြည်သူများနှင့် မြို့/ရွာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာများရရှိစေသူ အကြမ်းဖက်သမားများကို ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောက်ဖြူမှ*

ယခုနှစ်ရာသီတွင် ပထမဆုံးပွဲထွက်ကစားသမားအဖြစ် ပါဝင်လာသည့် မာတာသည် ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာတော့မည်ဖြစ်သောကြောင့် အဆိုပါ ပွဲစဉ်သည် အိုးထရက်ဖို့ဒ်၌ ၎င်း၏ နောက်ဆုံးပွဲစဉ်လည်း ဖြစ်လာခဲ့သည်။ ပွဲချိန်ကိုးမိနစ်တွင် မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဖာနန်ဒက်စ်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၄၄ မိနစ်တွင် မန်ယူအသင်းမှ စီရော်နယ်ဒို ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ပွဲချိန် ၆၁ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိပြီး စီရော်နယ်ဒိုက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ဗာရာနီက သွင်းယူပေးခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းသည် ဂိုးကန်သွင်းခွင့် အသာရခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်အားနည်းမှုကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနိုင်ပွဲကြောင့် ၃၆ ပွဲကစားပြီး ၅၈ မှတ်ရရှိကာ အဆင့် (၆) တွင် ရပ်တည်လျက် ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းက ၃၅ ပွဲကစားပြီး ရမှတ် ၄၀ ဖြင့် အဆင့် (၁၄) တွင် ရပ်တည်နေသည်။

**အောင်ဇော်**



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - MFF

● *ကျောက်ဖြူမှ*

မေ ၁၇ ရက်တွင် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ မေ ၁၉ ရက်တွင် မလေးရှားအသင်းနှင့် မြန်မာအသင်း၊ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဖူဆယ်ပြိုင်ပွဲပါဝင်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည်။ မြန်မာအသင်းသည် ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ယှဉ်ပြိုင်ခဲ့ပြီး ယခုအကြိမ်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ **သတင်း - ရဲရင့်လွင်**

# (၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မကွေး မေ ၃**

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ယမန်နေ့က မကွေးမြို့ လေးထပ်တိုက်သစ် ဘုန်းတော်ကြီးကျောင်း၌ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင် ဦးဆောင်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ ဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ စနစ်တကျသိမ်းဆည်းခြင်းနှင့် ဘုရားရင်ပြင်တော်အား ရေသပ္ပာယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံတွင် မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က စုပေါင်းသွေးလှူဒါန်းရာ တိုင်းဒေသကြီးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းနီလာလှ က သွေးလှူဒါန်းခြင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့ဝင်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အားပေးစကားများပြောကြားပြီး ခွန်အားဖြည့်အစားအစာများ၊ ဆေးဝါးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ်ကွက် ရွှေပြည်သာဘုရားပရဝဏ်အတွင်း အမှတ်(၇၁) သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ ဗိုလ်မှူးကြီး သက်နိုင်စိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ဧပြီလ နောက်ဆုံးပတ်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)



# မေ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၇၈,၂၆၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၉၂၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၈၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၃-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၀၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၅၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၄၃) ခု | (၅) ဦး |
| စုစုပေါင်း | (၇,၈၅၆) ခု | (၁၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃-၅ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၁၇၀၄၀၇ | ၈၀၇၅၇၄၂၄ | ၁၀၂၁၀၈၉ |
| ၂။ | အိန္ဒိယ | ၄၃၀၈၅၁၆၆ | ၄၂၅၄၁၈၈၇ | ၅၂၃၈၈၉ |
| ၃။ | ဘရာဇီး | ၃၀၄၆၀၉၉၇ | ၂၉၅၅၄၃၀၈ | ၆၆၃၆၅၇ |
| ၄။ | ပြင်သစ် | ၂၈၆၉၀၇၄၈ | ၂၇၁၆၃၉၁၃ | ၁၄၆၁၄၂ |
| ၅။ | ဂျာမနီ | ၂၄၇၉၁၁၉၀ | ၂၂၆၅၈၆၀၀ | ၁၃၅၉၄၇ |
| ၆။ | ဗြိတိန် | ၂၂၀၃၈၃၄၀ | ၂၁၃၁၃၁၅၉ | ၁၇၄၉၁၂ |
| ၇။ | ရုရှား | ၁၈၂၀၁၀၇၄ | ၁၇၅၆၃၂၇၂ | ၃၇၆၂၉၂ |
| ၈။ | တောင်ကိုရီးယား | ၁၇၃၄၆၇၅၃ | စိစစ်ဆဲ | ၂၃၀၀၇ |
| ၉။ | အီတလီ | ၁၆၅၂၃၈၅၉ | ၁၅၁၅၅၀၂၁ | ၁၆၃၇၃၆ |
| ၁၀။ | တူရကီ | ၁၅၀၃၄၉၁၇ | ၁၄၉၃၁၄၉၀ | ၉၈၇၉၁ |

## ၃-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၅၉၃၅၈ | ၉၂၆၇၂၈၁ | ၄၃၀၄၄ |
| အင်ဒိုနီးရှား | ၆၀၄၇၃၁၅ | ၅၈၈၄၀၅၉ | ၁၅၆၃၀၅ |
| မလေးရှား | ၄၄၅၀၈၅၉ | ၄၃၇၈၈၆၄ | ၃၅၅၅၅ |
| ထိုင်း | ၄၂၈၁၅၃၆ | ၄၁၃၄၁၉၁ | ၂၈၇၈၁ |
| ဖိလစ်ပိုင် | ၃၆၈၆၂၁၆ | ၃၆၂၀၆၅၉ | ၆၀၄၁၂ |
| စင်ကာပူ | ၁၂၀၀၉၇၆ | ၁၁၄၀၅၃၁ | ၁၃၃၈ |
| မြန်မာ | ၆၁၂၉၂၄ | ၅၉၁၈၇၉ | ၁၉၄၃၄ |
| လာအို | ၂၀၇၈၆၇ | ၂၀၅၃၇၈ | ၇၄၅ |
| ဘရူနိုင်း | ၁၄၁၉၁၁ | ၁၄၁၀၂၂ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၅၇ | ၁၃၃၁၄၄ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

## ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**

*(ယမန်နေ့မှအဆက်)*

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က လတ်တလောတွင် အဖွဲ့စုံနာမည်ခံ၍ စိတ်ထင်တိုင်း လူများကိုသတ်ဖြတ်ခြင်း၊ ရဟန်းသံဃာများကို သတ်ဖြတ်ခြင်း၊ အိုးအိမ်စည်းစိမ်များစွန့်လွှတ်ပြီး ထွက်ပြေးပုန်းရှောင်ရခြင်း စသည့် သတင်းများကြားသိနေရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် ဖြေကြားပြီးဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ပြည်သူ့အင်အား၊ လိုအပ်သည့် ထောက်ပံ့ပစ္စည်းအပြည့်အစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လာလျှင် အကြမ်းဖက်လုပ်ရပ်များ လျင်မြန်စွာချုပ်ငြိမ်းသွားနိုင်ကြောင်း၊ ပြည်သူလူထုကို ပူးပေါင်းပါဝင်ရန်အတွက် တိုက်တွန်းပါကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုတွေ့ဆုံရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖိတ်ခေါ်ထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မည်သည့်အဖွဲ့များနှင့် တွေ့ဆုံမည်၊ မည်သည့်အချိန်တွင် တွေ့ဆုံမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တွေ့ဆုံလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မေလ ၉ ရက်အထိ အချိန်သတ်မှတ်ထားကြောင်း၊ စဉ်းစားရန်အချိန်ကာလအားဖြင့် နှစ်ပတ်ပေးထားကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသား ၁၀ ဖွဲ့ရှိပြီး KNU၊ RCSS/SSA၊ PNLO၊ CNF၊ KNLA၊ DKBA၊ ABSDF၊ ALP၊ NMSP၊ LDU စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းက အဖွဲ့ ကိုးဖွဲ့နှင့် ဆက်သွယ်ရရှိပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များအနေဖြင့် တက်ရောက်လိုသောဆန္ဒရှိသည့် အဖွဲ့များလည်းရှိကြောင်း၊ တွေ့ဆုံပွဲကို တက်ရောက်မည့် လက်နက်ကိုင်အဖွဲ့များအား ကျန်အဖွဲ့များကဖယ်ကြဉ်နိုင်ကြောင်း၊ ယခုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိနေပြီး ဗိုလ်ချုပ်အောင်ဆန်းက PDF အဖွဲ့များ၏ လုပ်ဆောင်ချက်များကို တားမြစ်မည်ဆိုလျှင်ပင် ဗိုလ်ချုပ်ကိုရစရာမရှိအောင် ပြောကြလိမ့်မည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် လွတ်လပ်ရေးကို ရယူပေးခဲ့သည့်သူဖြစ်သော်လည်းမရနိုင်ကြောင်း၊ NCA လက်မှတ်ရေးထိုး မထားသည့်အဖွဲ့ ၁၁ ဖွဲ့ရှိကြောင်း၊ UWSA၊ NDAA၊ NSCN(K)၊ KIO၊ KIA၊ KNPP၊ ANC SSPP/SSA၊ TNLA၊ MNDA၊ WNO၊ AA စသည့်အဖွဲ့များထဲမှာ အဖွဲ့ ရှစ်ဖွဲ့ဖြင့် အဆက်အသွယ်ရပြီးဖြစ်ကြောင်း၊ တက်ရောက်လိုသော ဆန္ဒရှိသည့် အဖွဲ့များလည်းရှိကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် နန္ဒာလင်း (ထားဝယ်)** က နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းများကို လုပ်ဆောင်နေသည်ကို သိရှိရကြောင်း၊ အဆိုပါစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍတွင် မူဝါဒပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ပြောမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိသူများလည်း တက်ရောက်လျက်ရှိကြောင်း၊ ၎င်းတို့က အပြည့်အစုံဖြေကြားပေးလိမ့်မည်ဖြစ်ကြောင်း၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တွင် လက်ရှိလုပ်ငန်းပေါင်း ၇၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ၁၆ ဒသမ ၆ ဘီလီယံကျော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂ ခု အပါအဝင် ကျပ် ၁၃ ဒသမ ၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် လက်ရှိလုပ်ငန်းပေါင်း ၃၄ ခုရှိပြီး၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံကျော်




ရှိကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၆ ခု၊ ပမာဏအနေဖြင့် ကျပ် ၈၁၇ ဒသမ ၆ ဘီလီယံကျော် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်ကစပြီး အစိုးရအနေနှင့် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ရေအားလျှပ်စစ်အပြင် တခြားအလားအလာရှိသည့် စီမံကိန်းများ ဆောင်ရွက်ရန်ကြိုးပမ်းသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချနိုင်ရေး ရင်းနှီးမြှုပ်နှံရန်အတွက် ပေးခဲ့ကြောင်း၊ မိမိပြောခဲ့သလို ၎င်းထက်ကောင်းမွန်သည့် အစီအမံများကိုလည်း ဆက်လက်လုပ်ဆောင်ရန်ရှိကြောင်း၊ ကျန်သည့်အသေးစိတ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန် ရှိသူများက ဆက်လက်ဖြေကြားလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မူဝါဒအပိုင်းအနေနှင့် ဗိုလ်ချုပ်ဖြေကြားခဲ့သည်မှာ ပြည့်စုံပါကြောင်း၊ မေးမြန်းသည့် နေရောင်ခြည်စွမ်းအင်သုံးနှင့် ရေအားလျှပ်စစ်စွမ်းအင်သုံး အစီအစဉ်သည် ဗိုလ်ချုပ်ဖြေကြားခဲ့သကဲ့သို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က နံပါတ်(၁) မေးခွန်းအနေနှင့် အုပ်ချုပ်ရေးမှူးများ အသတ်ခံရသည့် ကိစ္စဖြစ်ပါကြောင်း၊ ယခုကာလတွင် မြန်မာပြည်တော်တော်များများတွင်ရှိသည့် အုပ်ချုပ်ရေးမှူးအများစုသည် အသတ်ခံနေရကြောင်း၊ ရက်ရက်စက်စက်အသတ်ခံနေရသည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည်ကို ဗိုလ်ချုပ်လည်း တွေ့လိမ့်မည်ဖြစ်ကြောင်း၊ အသတ်ခံရသည့် အုပ်ချုပ်ရေးမှူးများမှာ မိမိကိုယ်ကို ခုခံကာကွယ်ရန်အတွက် ၎င်းတို့တွင်လက်နက်မရှိသောကြောင့် သေမိန့်ကျခံပြီးသားလူကဲ့သို့ ဖြစ်နေကြောင်း၊ အထူးသဖြင့် အကြမ်းဖက်သမားများ သေနတ်ပစ်စမ်းရာတွင် အုပ်ချုပ်ရေးမှူးများ၏ခေါင်းများသည် အစမ်းသပ်ခံဖြစ်နေရကြောင်း၊ ဗိုလ်ချုပ်တို့အနေဖြင့် လက်ရှိအုပ်ချုပ်ရေးမှူးများအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ၎င်းကိစ္စနှင့်ပတ်သက်၍ မြင်တွေ့ရပါကြောင်း၊ မိမိတို့အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်၍ ကာကွယ်ပေးနိုင်မှုလစ်ဟင်းသည့်အတွက် အုပ်ချုပ်ရေးမှူးများနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း မိမိတို့အနေဖြင့်တောင်းပန်ပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ရှေ့လျှောက် မိမိတို့အစွမ်းကုန်ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် အထဲတွင်လည်း ပါဝင်ပါကြောင်း၊ ပြည်သူ့ကာကွယ်ရေးစနစ်ထဲတွင်လည်း ပါပြီးဖြစ်ကြောင်း၊ လိုအပ်သည့်ပစ္စည်းကိရိယာများ၊ လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများ၊ အထောက်အပံ့ပစ္စည်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာသတင်းမီဒီယာမှ CEO ဦးအောင်ကျော်ဦး**က မိမိအပါအဝင် မြန်မာပြည်အနှံ့အပြားတွင်ရှိသည့် အမျိုးသားနိုင်ငံရေးသတင်းထောက် တော်တော်များများ အသတ်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲ၌လည်း ဗိုလ်ချုပ်ကို တင်ပြပြီးဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့များက သတ်ဖို့အထိ ခြိမ်းခြောက်ခံနေရသည်မှာလည်း ယနေ့အချိန်အထိဖြစ်ကြောင်း၊ မိမိအပါအဝင် နိုင်ငံ့သစ္စာခံသတင်းဌာနအဖွဲ့ဝင် သတင်းသမားများ အကုန်လုံးနီးပါး ထိုသို့အခြိမ်းခြောက်ခံနေရကြောင်း၊ တကယ့်မြေပြင် အနေအထားတွင် မိမိတို့အမျိုးသားနိုင်ငံရေးသတင်းထောက်များကို တကယ်တမ်းကူညီပေးမည့်သူဆိုသည်မှာ မရှိသလောက်ဖြစ်ပါကြောင်း၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်မှာရှိသည့်လက်နက်နှင့် ပြန်ခုခံကာကွယ်မည်ဆိုလျှင် လက်နက်ကိုင်ဆောင်မှုနှင့် အဖမ်းခံရနိုင်ကြောင်း၊ လက်ဝယ်မကိုင်ဆောင်ထားပြန်လျှင်လည်း အကြမ်းဖက်အဖွဲ့ဝင်များ၏ အသတ်ခံရနိုင်ရန် သေချာသလောက်ရှိနေကြောင်း၊ ဧပြီလ ၂၁ ရက်နေ့က မိမိကို သတ်ရန်ဆိုပြီး Online Meeting တစ်ခုတွင် ၎င်းတို့အစည်းအဝေးထိုင်ကြကြောင်း၊ မြို့ပေါ်ကအဖွဲ့နှင့် တောကအဖွဲ့ဟု ၎င်းတို့ပြောကြကြောင်း၊ မြို့ပေါ်ကအဖွဲ့က မိမိကိုသတ်လိုကြောင်း၊ တောကအဖွဲ့က မသတ်ပါနဲ့ဆိုပြီးတားကြောင်း၊ ရယ်စရာလည်းကောင်းကြောင်း၊ ၎င်းတို့နှစ်ဖွဲ့ပြေလည်မှ မိမိကအသတ်ခံရမလိုဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးအဖွဲ့များကို တင်ပြရန်ရှာသည့်အခါတွင်လည်း၊ ၎င်းတို့သည် အလုပ်များ၍လားမသိ လုံးဝမတွေ့ရပါကြောင်း၊ ၂၁ ရက်နေ့မှ ယနေ့အချိန်အထိကြာပြီဖြစ်ကြောင်း၊ မိမိသွားရောက်၍စောင့်သော်လည်း ၎င်းတို့ကိုမတွေ့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေနှင့် မိမိအစီအစဉ်နှင့် မိမိကိုယ်ကိုမိမိခုခံကာကွယ်ရန်၊ အကြမ်းဖက်ရန်ပြုသူများကို ပြန်လည်ခုခံရန် လက်နက်ကိုင်ဆောင်ခွင့် မိမိအစီအစဉ်နှင့် ခွင့်ပြုပေးနိုင်မလား သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လက်နက်ကိုင်ဆောင်ခွင့်ဆိုသည်မှာ ၎င်း၏ဥပဒေစည်းမျဉ်းများရှိပြီးဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မိမိကိုယ်ကိုကာကွယ်ရန်အတွက် လက်နက်လျှောက်သည်ဆိုသည်မှာ အတိုချုံ့ပြောရလျှင် လိုင်စင်နှင့်လျှောက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများအတွက် ထိုလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ရမည်ဖြစ်ကြောင်း၊ သတင်းသမားနှင့်ပတ်သက်၍ တိုက်တွန်းလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြောရေးဆိုခွင့်ရှိသူ တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးများရှိကြောင်း၊ ထိုဝန်ကြီးများ စာရင်းကို မိမိသတင်းစာရှင်းလင်းပွဲပြီးလျှင် ပေးလိုက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သတင်းထောက်များအနေဖြင့် ထိုဝန်ကြီးများနှင့် ဆက်သွယ်ပြီး မိမိတို့လိုအပ်သည့် အကူအညီများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက် ဦးဉာဏ်ထွန်းဝင်း**က မိမိအနေဖြင့် ပဲခူးတိုင်းကအနေအထားကိုတင်ပြလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ယမန်နေ့ညနေကအထိ ပြည်သူများကို တိုင်းဒေသကြီးအစိုးရ၏ ခေါင်းစဉ်အောက်တွင် *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဆောင်ရွက်နေမှုအနေအထားများကို တင်ပြလိုကြောင်း၊ ယခင် ၂၀၁၃၊ ၂၀၁၄ ခုနှစ်ခန့်က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်တို့၌ ကမ်းပြိုမှုများဖြစ်ပွားခဲ့ဖူးကြောင်း၊ ယင်းကြောင့် ပြည်သူအချို့ နေစရာပင်မရှိတော့ဘဲ လယ်ယာမြေများပါပျောက်ဆုံးခဲ့ကြသဖြင့် ပဲခူးမြို့ပေါ်တက်ပြီး လာရောက်နေထိုင်ကြသည်မှာ ၉ နှစ်၊ ၁၀ နှစ်ပတ်ဝန်းကျင်ခန့်ရှိနေပြီဖြစ်ကြောင်း၊ ယခင်က မည်သည့်ပြဿနာမှ မရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလခန့်က စတင်ပြီး "ကျူး" ဆိုသည့် ခေါင်းစဉ်တပ်ပြီး ဖယ်ရှားမှုများရှိနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်ပတ်သက်၍ မေးမြန်းလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် မိမိတို့မြန်မာနိုင်ငံမြေပေါ်၌ မည်သည့်နေရာမဆို ဥပဒေနှင့်အညီ အခြေချနေထိုင်ခွင့်ရှိသည်ဟု ရေးသားထားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့သည် လက်ရှိမြန်မာလူမျိုး၊ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ ရာသီဥတုဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးပြီး နေစရာမရှိကြသဖြင့် မြို့ပေါ်တက်ကာ ခုတ်ထွင်ရှင်းလင်းပြီးနေထိုင်ကြပါကြောင်း၊ အခုအခါ စက်မှုဖော်ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို အကြောင်းပြပြီး ဖယ်ရှားနေသည်မှာ ယမန်နေ့ကအထိဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မည်သို့ညွှန်ကြားထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးအနေဖြင့် အခြေခံဥပဒေကို ကိုးကားမေးမြန်းသွားသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် မူဝါဒပိုင်းဆိုင်ရာအရ ဖြေကြားသွားမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေကို ကိုးကားရာတွင် အခြေခံဥပဒေကို သေချာလေ့လာဖတ်ရှုရန်လိုအပ်ကြောင်း၊ အမှန်တကယ်ဖြစ်ပျက်နေသည့်အခြေအနေကို လာရောက်ပြောကြားခြင်းဖြစ်သောကြောင့် အပြစ်တင်စရာမရှိပါကြောင်း၊ အခြေခံဥပဒေ ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ပြုရမည်ဟု ပါရှိကြောင်း၊ ဥပဒေနှင့်အညီဟုပါရှိသည့်အတွက် ယင်းအချက်ကိုဂရုပြုရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မိမိတို့ ပြန်လည်မေးမြန်းပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်မညီဘဲ လုပ်ဆောင်စရာအကြောင်းမရှိဟု ထင်မြင်ပါကြောင်း၊ တစ်ဖက်ဖက်တွင် လိုအပ်ချက်များရှိလိမ့်မည်ဖြစ်ကြောင်း၊ ယင်းတို့ကြောင့် ဆောင်ရွက်ခြင်းဖြစ်နိုင်ကြောင်း၊ သက်ဆိုင်ရာကို ပြန်လည်မေးမြန်းပြီးမှ ဖြေဆိုရမည့် မေးခွန်းဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက်ဦးဉာဏ်ထွန်းဝင်း**က ဥပဒေနှင့်အညီဆိုပါက မိမိတို့ပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို သိရှိလိုလျှင် မည်သည့်နေရာဌာနသို့ ဆက်သွယ်မေးမြန်းရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဥပဒေနှင့်အညီ မည်သို့လျှောက်ရမည်က လုပ်ထုံးလုပ်နည်းရှိပြီးဖြစ်ကြောင်း၊ ဥပမာပြောရမည်ဆိုပါက တချို့အရာများသည် မလွတ်မကင်းဖြစ်မည်ဖြစ်ကြောင်း၊ ဘိန်းထုပ်နှင့် စိတ်ကြွဆေးပြားများမိ၍ ထောင်ကျခါနီးတွင် စိတ်ကြွဆေးပြား ဥပဒေပြဋ္ဌာန်းထားသည်ကို မိမိမသိရှိပါဟုပြော၍မရကြောင်း၊ ထိုသို့ပြောပါက ဥပဒေနှင့် နိုပ်စက်သည်ဟူ၍ ဖြစ်လာဦးမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောသည့်ကိစ္စသည် ယခုဖြစ်ပြီးသွားပြီဖြစ်ကြောင်း၊ ဖြစ်သွားသည်များကို စုံစမ်း၍သာရမည်ဖြစ်ကြောင်း၊ တချို့ကိစ္စများအားလုံးကို မိမိအကုန်မသိနိုင်ပါကြောင်း၊ တချို့ကိစ္စများသည် လက်ငင်းဖြေရှင်း၍မရပါကြောင်း၊ မိမိပြောသည်ကို Quote လုပ်ပြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက မည်သို့ပြောသည်၊ ထို့ကြောင့် မိမိတို့ရပိုင်ခွင့်ရှိသည်ဟုဖြစ်၍မရပါကြောင်း၊ ဗိုလ်ချုပ်ဇော်မင်းထွန်းက မည်သို့ပြောသည်၊ ထို့ကြောင့် ရပိုင်ခွင့်မရှိဟုလည်း ပြော၍မရပါကြောင်း၊ တရားဥပဒေသည် ၂ မျိုးရှိကြောင်း၊ တရားဥပဒေတွင် တရားမမှုများတွင် နံပါတ်တစ်အနေဖြင့် ရပိုင်ခွင့်နှင့်ပတ်သက်ပြီး မိမိတို့၏ရပိုင်ခွင့်ကို မတရားမဆုံးရှုံးစေခြင်းကို ကာကွယ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် မိမိတို့၏ရပိုင်ခွင့်နှင့်ပတ်သက်ပြီး တရားသောရယူမှုဖြစ်ခြင်းကိုကာကွယ်ကြောင်း၊ နှစ်ခုလုံးကို မိမိတို့က ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မတရားဆုံးရှုံးခဲ့ပါသလား၊ မတရားမဆုံးရှုံးခဲ့ဘူးလားဟု မိမိမသိပါကြောင်း၊ တရားစွာရယူခဲ့သည်၊ မတရားရယူခဲ့သည်ကို မိမိမသိနိုင်ကြောင်း၊ ဥပဒေနှင့်အညီရယူသည်၊ ဥပဒေနှင့်မညီဘဲရယူသည်၊ ဥပဒေနှင့်အညီအခြေချသည်၊ ဥပဒေနှင့်မညီဘဲ အခြေချသည်၊ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ၎င်းကိုမတရားဆုံးရှုံးစေသလားဟု




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။**

အကြောင်းအရာအချက်အလက်များဖြင့် တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအကြောင်းအရာအချက်အလက်များကို တရားဥပဒေအရ ဆုံးဖြတ်သည့်အခါ၊ ထို့ကြောင့် တရားလို/တရားခံဟု ဖြစ်ပေါ်လာခြင်း၊ တရားပြိုင်များ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ဖက်စလုံးကို နားထောင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တည်းကိုမေးပြီး တစ်ဖက်တည်း၏အဖြေကို ပေးနိုင်ရန်အကြောင်းမရှိပါကြောင်း၊ မိမိဖြေနိုင်သည့်အဖြေသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရကို သက်ဆိုင်သူများအနေဖြင့် မေးပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို ဖြေကြားပေးမည်ဟု ပြောလိုကြောင်းဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဌာနမှ သတင်းထောက် ဦးဉာဏ်ထွန်းဝင်း**က ဗိုလ်ချုပ်တို့ပြောသည့် PR စနစ်ဖြင့် ဆောင်ရွက်ရန် ရွေးကောက်ပွဲနီးနေပြီဖြစ်ကြောင်း၊ ခရီးသွားသည့်အခါတွင်လည်း မှတ်ပုံတင်လိုအပ်လာပါကြောင်း၊ မှတ်ပုံတင်မပြနိုင်ပါက ရပ်/ ကျေးအုပ်ချုပ်ရေးမှူးထောက်ခံချက်ဖြင့် သွား၍မရပါကြောင်း၊ မှတ်ပုံတင်ပါမှ သွား၍ရမည်ဆိုသည့်အတွက် နိုင်ငံတော်က ကြပ်မတ်ပြီး ပန်းခင်းစီမံချက် အချက် ၄ ချက်ဖြင့် ဆောင်ရွက်ရာ အောင်မြင်သည်ကိုတွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ထိုနေရာတွင် တွေ့ရှိရသည်မှာ မိမိမေးမြန်းသည့်ကိစ္စကဲ့သို့ ကမ်းပြိုပြီး ရွာလုံးကျွတ်အိမ်များပျောက်သွားသည့်အခါ အိမ်ထောင်စုဇယားများ၊ မှတ်ပုံတင်များမရှိကြကြောင်း၊ ယခင်အိမ်ထောင်စုစာရင်းရှိသူ၊ မှတ်ပုံတင်ရှိသူများက သွားရောက်လုပ်ရသည်မှာမြန်ကြောင်း၊ ယခု အိမ်ထောင်စုဇယားသွားလုပ်ရာတွင် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများက လက်မခံကြောင်း၊ ပြော၍မကောင်းသောကြောင့် မပြောလိုပါကြောင်း၊ ခက်ခက်ခဲခဲလုပ်ရပါကြောင်း၊ ယခုရွေးကောက်ပွဲအတွက်နှင့် ခရီးသွားရန်အတွက် အသက်ပြည့်ပြီးသူများသည် မှတ်ပုံတင်ရှိမှသာလျှင် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်အတွက်ထပ်ပြီး အိမ်ထောင်စုဇယားလည်း မရှိသည့်အတွက် မှတ်ပုံတင်လုပ်၍မရပါကြောင်း၊ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ရရှိရန်အတွက် ထပ်မံ၍ ဗိုလ်ချုပ်တို့ဘက်က မည်သို့ညွှန်ကြားထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပန်းခင်းစီမံချက်နှင့်ပတ်သက်ပြီး ပျောက်သွားသည့် ပြောကြားချက်များ၊ မည်သည့်အထောက်အထားမရှိသည့် ပြောကြားချက်များကို ခဏခဏ မေးခွန်းထုတ်နေခြင်းများရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သတင်းစာများတွင် တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အသေးစိတ်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူ**က ဖြည့်စွက်ဖြေကြားရာ ခေတ်ပုံရိပ်ဂျာနယ်မှ မေးမြန်းထားသည့် အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ မရှိခြင်းနှင့် ရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်မရှိခြင်းနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ဆယ်စုနှစ်ကာလအတွင်း ရွေးကောက်ပွဲ ၃ ကြိမ်ကြုံခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် စသည့်နှစ်များတွင် ပြုလုပ်သည့် ရွေးကောက်ပွဲများကို ကြုံခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါရွေးကောက်ပွဲများတွင် မဲစာရင်းအတွက် လိုအပ်သည့်အရာများ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် မဲစာရင်းအတွက် ဆောင်ရွက်ချက်အနည်းငယ်သာရှိကြောင်း၊ မဲပေးချိန်တွင် မှတ်ပုံတင်မရှိသည့်သူများရှိခဲ့ကြောင်း၊ ၂ ကြိမ်မဲပေးခြင်း၊ ၃ ကြိမ်မဲပေးခြင်းများ၊ အသက်တစ်ရာအထက် မဲပေးခြင်း၊ မှတ်ပုံတင်မရှိဘဲမဲပေးခြင်းများဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ပန်းခင်းစီမံချက်အနေဖြင့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့အထိ ၁၈ လအတွင်း အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများနည်းဥပဒေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ စသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခါ မြို့ဝင်၊ မြို့ထွက်ဂိတ်များ၊ High Way လမ်းများတွင် သွားလာသူများကို မှတ်ပုံတင်ရှိ/ မရှိ စစ်ဆေးလျက်ရှိပြီး မှတ်ပုံတင်မရှိလျှင် လုပ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရှိသည့် အမျိုးအစား ၄ မျိုးရှိကြောင်း၊ လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းရှိပြီး မှတ်ပုံတင်မရှိသည့်သူများကတစ်မျိုး၊ လက်ရှိနေထိုင်သည့်ဒေသတွင် အမြဲနေထိုင်ပြီး အိမ်ထောင်စုစာရင်းမရှိ၊ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုး၊ အခြားဒေသမှပြောင်းရွှေ့လာပြီး အရင်နေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းရှိ၍ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုး၊ အခြားဒေသမှရွှေ့ပြောင်းလာပြီး ယခင်နေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းမရှိ လက်ရှိနေထိုင်သည့်ဒေသတွင်လည်း အိမ်ထောင်စုစာရင်းမရှိ၊ မှတ်ပုံတင်မရှိသည့်သူများက တစ်မျိုးရှိကြောင်း၊ ထို့ကြောင့် ယခုအခါ လဝကရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်မရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိသူများကို ကွင်းဆင်းစစ်ဆေးပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝေးလံခေါင်းပါး

*စာမျက်နှာ ၁၈ သို့*

## ပင်လောင်းမြို့နယ်၌ ကိုယ်ဝန်ဆောင်များနှင့် နှစ်နှစ်အောက်ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်

**ပင်လောင်း မေ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလအတွက် အကျုံးဝင်သည့် ကိုယ်ဝန်ဆောင်များနှင့် နှစ်နှစ်အောက် ကလေးသူငယ်များကို လူမှုဝန်ထမ်းဦးစီးဌာနတွင် ထောက်ပံ့ငွေများပေးအပ်လျက်ရှိသည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် နှစ်နှစ်အောက် ကလေးငယ်များနှင့် လေးလအထက် ကိုယ်ဝန်ဆောင်များအား တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလလျှင်တစ်ကြိမ် စုစုပေါင်း ငွေကျပ် ၄၅၀၀၀၊ ကိုယ်ဝန်ဆောင်စာရင်းပေးသွင်းချိန် သုံးလအကျုံးဝင်ပါက နှစ်လစာ ငွေကျပ် ၃၀၀၀၀၊ ကိုယ်ဝန်ဆောင် စာရင်းပေးသွင်းချိန် နှစ်လအကျုံးဝင်ပါက တစ်လစာ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာနတွင် ပင်လောင်းမြို့ပေါ် ၁၀ ရပ်ကွက်မှ နှစ်နှစ်အောက်ကလေးငယ်များနှင့် လေးလအထက် ကိုယ်ဝန်ဆောင် ၂၇၇ ဦးနှင့် ထီပေါင်းကျေးရွာအုပ်စုရှိ နှစ်နှစ်အောက် ကလေးငယ်များနှင့် လေးလအထက် ကိုယ်ဝန်ဆောင် ၁၉၉ ဦးကို ထောက်ပံ့ငွေပေးအပ်ခဲ့သည်။ ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် လေးလအထက် ကိုယ်ဝန်ဆောင်များကို သတ်မှတ်ထားသည့် နေ့ရက်များအလိုက် လူမှုဝန်ထမ်းဦးစီးဌာနတွင် ထောက်ပံ့ငွေများ ဆက်လက်ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ခွန်အာကာစိုး(ပင်လောင်း)

## ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံ

**ကော့သောင်း မေ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကမ်းနီး(FOB) စစ်ဆေးရေးစခန်းတွင် ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ဧပြီ ၃၀ ရက်တွင် ငါးဖမ်းကွက်မှ ရာသီသိမ်း ပြန်လည်ဝင်ရောက်လာသော(ဝိုင်းချုပ်ငါးဖမ်း၊ ကင်းမွန်းငါးဖမ်း) ရေယာဉ်ပေါ်ပါ ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဧပြီ ၃၀ ရက်က ပထမအကြိမ်တွင် ၄၉၀ နှင့် မေ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၄၆၀ တို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၇ မှ*

## ❖ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်သည်မှာ ဆေးခါးကြီးဟုခေါ်ကြောင်း၊ Extract ထုတ်ပြီး စမ်းသပ်သည့်အဆင့်သို့ရောက်ပြီဖြစ်ကြောင်း၊ ယင်းဆေးကို ကိုဗစ်ရောဂါလူနာများအား စမ်းသပ်ရန် ဆောင်ရွက်ထားပြီးဖြစ်

သည့် နယ်စပ်ဒေသများတွင် ဆောင်ရွက်ပေးနေမှုများကို သတင်းစာများတွင် တွေ့နိုင်ကြောင်း။

အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ သည် မူလအိမ်ထောင်စုစာရင်းက လက်ရှိနေထိုင်သည့်နေရာကို ယခင်နေထိုင်သည့်ဒေသမှ ပြောင်းရွှေ့ပေးရမည်ဖြစ်ကြောင်း၊ ယခင်နေထိုင်သည့် ဒေသတွင်ရှိသည့် အိမ်ထောင်စုစာရင်းရှိပါက လက်ရှိနေထိုင်သည့်ဒေသသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စု စာရင်းများပြုလုပ်ခြင်းသည် နိုင်ငံသားတိုင်းတာဝန်ဖြစ်ကြောင်း၊ ယခုခန်းမအတွင်းရှိသူများသည် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရှိကြသည့်သူများပါကြောင်း၊ ကိုယ်တိုင်သွားရောက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းပြောင်းရွှေ့ခြင်းသည် သက်ဆိုင်ရာမြို့နယ်ရုံးမှ မြို့နယ်ရုံးအချင်းချင်းညှိနှိုင်းပေးပြီး ဆက်သွယ်ဆောင်ရွက်၍ အိမ်ထောင်စုစာရင်းအား အထွက်ပြုလုပ်ပေးကာ အဆိုပါ အိမ်ထောင်စုစာရင်းမှ ဖျက်ပေးလျက်ရှိကြောင်း၊ အိမ်ထောင်စု စာရင်းရှိပြီးသူကိုစိစစ်ပြီး ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံသားလက်မှတ် ကိုင်ဆောင် သင့်သူ၊ နိုင်ငံသားပြုခွင့်လက်မှတ်ကိုင်ဆောင်သင့်သူ၊ ဧည့်နိုင်ငံသား လက်မှတ်ကိုင်ဆောင်သင့်သူ၊ FRC လက်မှတ်ကိုင်ဆောင်သင့်သူ အမျိုးမျိုးရှိသဖြင့် သင့်တော်သည့် လက်မှတ်တစ်မျိုးကို ထုတ်ပေးမည် ဖြစ်ကြောင်း၊ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင် ကိုင်ဆောင်သူများအနေဖြင့် ယခင်ဒေသတွင် နေထိုင်ခြင်းရှိ/မရှိကို မြို့နယ်ရုံးအချင်းချင်း ဆက်သွယ်မေးမြန်းပြီး လက်ရှိကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် ၎င်းကိုသိသည့် ရပ်မိ ရပ်ဖ၊ ဘာသာရေးခေါင်းဆောင်တို့၏ ထောက်ခံချက်များဖြင့် Migration ဟုခေါ်သည့် M အမှတ်အသားပါ အိမ်ထောင်စုစာရင်းကို ထုတ်ပေးခြင်းများရှိကြောင်း၊ ထို့ကြောင့် အိမ်ထောင်စုစာရင်း ဆောင်ရွက်သည့်အခါ M အမှတ်အသားပါသည့် အိမ်ထောင်စုစာရင်းသည် ယခင်မူလ အိမ်ထောင်စုစာရင်းကဲ့သို့ ရေရှည်သုံးစွဲ၍ရနိုင်ကြောင်း၊ သို့သော် အဆိုပါ အိမ်ထောင်စုစာရင်းရှိတိုင်း မှတ်ပုံတင်ထုတ်မပေးပါကြောင်း၊ အိမ်ထောင်စုစာရင်းအပေါ်မူတည်ပြီး ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်၊ ဧည့်နိုင်ငံသား လက်မှတ်စသည့် ၃ မျိုး သာ မဲပေးခွင့်ရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာနိုင်ငံပြည်သူ့မီဒီယာမှ သတင်းထောက် ဦးတင်အေး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး၊ ကိုဗစ်-၁၉ ကုသဆေး၊ အခြားရောဂါဝေဒနာများပျောက်ကင်းစေသည့် ဆေးများကို ထုတ်လုပ်ပေးနိုင်ရန် မြန်မာနိုင်ငံအနှံ့အပြား၌ ပညာရှင်များ မထင်မရှားရှိနေကြကြောင်း၊ အဆိုပါပုဂ္ဂိုလ်များကို ခေါ်ယူပေးစေလိုကြောင်း၊ အဆိုပါပုဂ္ဂိုလ်များ၏ အချက်အလက်များကိုမူတည်ပြီး နိုင်ငံအတွက်၊ ပြည်သူ့အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးရအောင်ထုတ်လုပ်ရန် ပြောကြားခဲ့ကြောင်း၊ ထိုမိန့်ခွန်းများနှင့်ပတ်သက်ပြီး အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် ဥပဒေအရတွေ့ရသည့် အခြေအနေတစ်ခုကိုတင်ပြလိုကြောင်း၊ သမ္မတ ဦးသိန်းစိန် လက်ထက်တွင် ထုတ်ပြန်ပေးခဲ့သည့် တိုင်းရင်းဆေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုဥပဒေ အမှတ်(၈/၂၀၁၄)နှင့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်၊ ဇူလိုင် ၂၄ ရက်များတွင် ကြေညာသည့် တိုင်းရင်းဆေးဥပဒေကြမ်းနှင့် ကူးစက်ရောဂါ နှိမ်နင်းရေးဥပဒေကြမ်းတွင်ပါဝင်သည့် ကင်းလွတ်ခွင့်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့မှ ဥပဒေ၊ နည်းဥပဒေကဲ့သို့ အာဏာတည်သော အမိန့်မျိုးကို ထုတ်ပြန်ပေးနိုင်မည်ဆိုလျှင် အဆိုပါပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌလိုလားသည့် မြန်မာ့တိုင်းရင်းဆေးဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်မည့် အကြံဉာဏ်များပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိအနေဖြင့် ယင်းကိစ္စကို ကျွမ်းကျင်မှုမရှိသည့်အတွက်ကြောင့် သဘောမပေါက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုကြောင်း ပြောကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိသိရသည်မှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေဟူ၍ ရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပြီးလည်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်သည်မှာ ဆေးခါးကြီးဟုခေါ်ကြောင်း၊ Extract ထုတ်ပြီး စမ်းသပ်သည့်အဆင့်သို့ ရောက်ပြီဖြစ်ကြောင်း၊ ယင်းဆေးကို ကိုဗစ်ရောဂါလူနာများအား စမ်းသပ်ရန်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ Ethical Clearance ဟုခေါ်သည့် သုတေသနကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရန် မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာနတွင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ကိုဗစ်လူနာနည်းပါးလာသည့်အတွက်ကြောင့် စမ်းသပ်သည့်အချိန်အနည်းငယ်ကြာမည်ဟု မိမိအနေဖြင့် ပြောလိုကြောင်း၊ ကိုဗစ်ဆေးအတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ဆရာကြီးများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ သိလိုသည့်အကြောင်းအရာကို မေးမြန်းနိုင်ပါကြောင်း၊ မိမိအနေဖြင့် ထပ်မံဖြေကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံပြည်သူ့မီဒီယာမှ သတင်းထောက် ဦးတင်အေး**က ပညာရှင်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ပြီး အကြံဉာဏ်များပြုပေးမည်ဆိုပါက ပြုခွင့်ရမည်လား သိလိုကြောင်း မေးမြန်းသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က အကြံပြု၍ရပါကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သူများအသင်း၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရှင်များ အစည်းအဝေးကို မကြာခဏဆောင်ရွက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ယင်းကိစ္စများကို ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်**က နိုင်ငံတော်အစိုးရ၏ ပြည်တွင်းရေးအခြေအနေများကိုလည်း မိမိတို့နားလည်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းမှ အခြေခံပြည်သူများမှာ ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းနှင့် အလုပ်အကိုင်များရှားပါးနေကြကြောင်း၊ ထို့အပြင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆေးနှင့် အခြားစားသောက်ကုန်များ၊ လောင်စာဆီများဖြစ်သည့် ဒီဇယ်ဆီ၊ ဓာတ်ဆီ စသည့်ကုန်ဈေးနှုန်းမြင့်မားနေသည့်ဒဏ်ကို ခံစားနေရကြောင်း၊ အခြေခံပြည်သူများ စားဝတ်နေရေးပြေလည်စေရန်အတွက် လက်ရှိအစိုးရအနေဖြင့် ကုန်ဈေးနှုန်းများကျဆင်းလာစေရန် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့၏အမျိုးသားရေးရည်မှန်းချက်မှာ စားရေရိက္ခာဖူလုံရေးဟူ၍ ပါရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်များနှင့်ပတ်သက်ပြီး ကုန်ဈေးနှုန်းကျဆင်းရေးဆိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ဘယ်ဈေးနှင့်ရောင်းပါဟု ညွှန်ကြားခွင့်မရှိကြောင်း၊ သို့သော် အစိုးရအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ရေးကို အားစိုက်ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ဈေးနှုန်းကျဆင်းရေး ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်များနှင့်ပတ်သက်ပြီး အာမခံချက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားကုန်များ လက်ရှိဈေးနှုန်းထက်ကျဆင်းအောင် ထုတ်လုပ်နိုင်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း၊ လုပ်ဆောင်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **နိုင်ငံ့အကျိုးပြုမီဒီယာမှ သတင်းအယ်ဒီတာကိုခန့်**က လက်ရှိအစိုးရအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၊ အကြမ်းဖက်ပြုလုပ်ရန် လှုံ့ဆော်သူများကို ညင်သာစွာကိုင်တွယ်ဖြေရှင်းသည်ကိုလည်းတွေ့ရကြောင်း၊ အစိုးရအနေဖြင့် ထိုသို့ကိုင်တွယ်ဖြေရှင်းနေမှုသည် မိမိတို့ကိုးကွယ်ရာဖြစ်သော သာသနာပြုရဟန်းများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ပညာသင်ကြားနေသော ကျောင်းသား/ကျောင်းသူများအတွက် ကြီးမားစွာအခက်အခဲဖြစ်စေကြောင်း၊ ဒလန်ဟု စွပ်စွဲကာလုပ်ကြံသတ်ဖြတ်ခံနေရကြောင်း၊ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုပြုလုပ်ရန် လှုံ့ဆော်သူများအပေါ် ပြစ်မှုပြစ်ဒဏ်များလျှော့ပေါ့ပေးမှုကြောင့် နိုင်ငံတော်အစိုးရ၏ တရားရေးစီရင်ရေးဆုံးဖြတ်မှုအပေါ်လည်း ပြည်သူများက အားမလိုအားမရဖြစ်နေကြောင်း၊ ရေရှည်တွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအပိုင်း၊ တရားစီရင်ရေးအပိုင်းများတွင် ယုံကြည်မှုနည်းပါးလာနိုင်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုပြုလုပ်ရန်လှုံ့ဆော်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုပြစ်ဒဏ်များလျှော့ပေါ့ပေးနေမှုများအား ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စများနှင့်ပတ်သက်ပြီး ဝေဖန်ချက်များကိုလည်းတွေ့ရကြောင်း၊ တချို့ဝေဖန်ချက်များတွင် ပြစ်မှုပြစ်ဒဏ်များကိုလျှော့ပေါ့ပေးသည့်အတွက် ဝေဖန်ခံရမှုများလည်း တွေ့ရကြောင်း၊ တချို့လည်း အကြမ်းဖက်မှုများလုပ်ခဲ့သည့် လူများကို လွှတ်ပေးသည့်အတွက် ရင်ဖွင့်ခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် ယင်းရင်ဖွင့်သံ၊ ပြောသံ၊ ဆိုသံများကို မိမိတို့ကြားသိရသည်ဟု ပြောလိုကြောင်း၊ နှစ်ဆန်း တစ်ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အချိန်တွင် မည်သူများ ပါ/မပါဆိုသည်ကို သတိပြုမိမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများကို စတင်ပြီး ပြောင်းလဲဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၅-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** ခေတ်အဆက်ဆက် မီးဘေးကာကွယ်ရေး ဆောင်ရွက်ခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ
- **၁၃:၃၀** MRTV National News
- **၁၃:၅၅** MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
- **၁၆:၃၅** အသိပညာနှင့်အမှန်တရား '**ဘဝထဲကကမ္ဘာ၊ ကမ္ဘာထဲကဘဝ**' (အပိုင်း-၁)
- **၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် '**ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း**'
- **၁၇:၃၀** ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက္ကချားကျေးရွာ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ငအောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချိတက်**' (အပိုင်း-၃၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်**' (အပိုင်း-၁၉)

**mitv**

- **07:02** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- **07:10** Myanmar Cultural Identities (Hintha or Hamsa)
- **07:34** Let's taste "Sabuti"
- **07:41** The Lives of Stone Slab and Mortar Makers
- **08:01** Myanmar Paper Toys
- **08:07** Moyingyi Wildlife Sanctuary
- **08:26** Ecotourism: Naga Traditional Customs
- **08:46** Traditional Thatch Roof - Thet Nge
- **09:01** News
- **09:26** Global Partnership for Brighter Future: Australia Pavilion at Expo 2020 Dubai
- **09:33** The Firefighter
- **09:43** Finding Ways for Coexistence between People and Elephants

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရာသီပန်းကလေးပွင့်လန်းလို့မွှေး

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
သံပရာခွံအရန်ဟင်းချက်ပြုတ်နည်း

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မြေအိုးပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားများရဲ့တဘိုး(ဒေါ်)တားမြစ်ချက်

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဝသီနောင်တို့ရဲ့ သီးခြားကမ္ဘာလေးဆီသို့

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၅၅** MRTV Media Mobile Application (MRTV App & Web)စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**အာဟာရ**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)(အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** နှစ်ရှည်ဝင်ငွေတိုးစေဖို့ စပျစ်စိုက်ကြစို့
- **၀၇:၀၀** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း
- **၀၇:၁၀** သချာစိုက်ပျိုးကော်ဖီသီးနှံဝင်ငွေတိုး
- **၀၈:၂၅** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု
- **၀၉:၀၀** ပြုးပန်းဝေဖြာတို့တောရွာမြက်ပျိုးခင်း
- **၀၉:၂၀** ပဲစိုက်တောင်သူများသုံးစွဲသင့်သည့် ပဲမြစ်ဖုဇီဝမြေဩဇာ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ်နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိမှု" ခေါင်းစဉ်ဖြင့် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွန့်ချိုးနေတဲ့ နိုင်ငံရေး အစွန်းရောက် အကြမ်းဖက်သမားများ" ဆိုသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



နေပြည်တော် မေ ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၃ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၅၀ စုစုပေါင်း ၈၀၅၇၈ ဒသမ ၂၁ KG၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ Disposable Syringe အခု ၂၀၅၅၀၊ Infusion Set အခု ၇၇၆၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၅-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀ ကျပ် | ၂၃၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၁၉၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၄ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၅ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၅၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၅၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၂၆၈ | ၂၀၆၃၆၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၂၅၈၀ | ၆၇၃၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၁၁ | ၂၈၉၉၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၅၀၀ | ၉ | ၂၃၁၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၅၀ | ၂၄၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပဲပုပ်နှင့် ပဲပိစပ်တွင် မည်သည်ကဆီထုတ်နိုင်သော ပဲဖြစ်ပါသလဲ (Soybean oil က ပဲပုပ်ဆီလား၊ ပဲပိစပ်ဆီလား)

(မျိုးသူ၊ ကုန်သွယ်မြှင့်)



### ပဲဆိုသည်မှာ

မြန်မာနိုင်ငံတွင် ပဲအမျိုးစုံရှိပါသည်။ ပဲများ၏ မူရင်းဒေသမှာ အာရှတိုက်ဖြစ်သည်ဟု ဆိုပါသည်။ ပဲများကို အင်္ဂလိပ်အခေါ်အဝေါ်အားဖြင့် Legume ဟု ခေါ်ပါသည်။ Pea, Pulse, Bean, gram, Lentil စသဖြင့်လည်း ခေါ်ဝေါ်မှုများရှိကြပါသည်။ Legume ဆိုသည်မှာ ပဲပင်ကို ခေါ်ခြင်းဖြစ်ပြီး Fabaceae family မျိုးရင်းဝင် အပင်များပါဝင်ကြပါသည်။ ပဲမျိုးစုံသည် ကောင်းသတင်းများပြားပြီး အစားအစာ၊ တိရစ္ဆာန်အစားအစာနှင့် အခြားမုန့်ပဲသရေစာ အမျိုးမျိုးတို့ကို ထုတ်လုပ်ကြပါသည်။ ပဲမှ အစားအသောက် အမျိုးမျိုးကိုလုပ်ရာတွင် ပဲဟု မြန်မာလိုခေါ်ဆိုသော ပဲနှစ်မျိုးမှ ဆီထုတ်လုပ်ကြသည်ကို တွေ့ရပါသည်။ အဆိုပါ ပဲနှစ်မျိုးမှာ မြေပဲ(ground nut or pea nut)နှင့် ပဲပုပ်(Soya Bean or Soy Bean)တို့ ဖြစ်ကြပါသည်။ သို့ဖြစ်၍ ထိုပဲနှစ်မျိုးကို ဆီထွက်သီးနှံများတွင်လည်း ထည့်သွင်းထားတတ်ပါသည်။ မြေပဲ၏ သိပ္ပံအမည်မှာ Arachis hypogea ဖြစ်ပြီး မျိုးရင်းမှာ Fabaceae ဝင်ဖြစ်သဖြင့် ပဲမျိုးရင်းတွင် ပါဝင်ပါသည်။ ပဲပုပ်ကို Soybean or Soja bean or Soya bean ဟုခေါ်ကြပြီး သိပ္ပံအမည်မှာ Glycine max ဖြစ်ပါသည်။ ပဲပုပ်သည်လည်း Fabaceae မျိုးရင်းဝင် ပဲမျိုးပင်ဖြစ်ပါသည်။ ထို့ကြောင့် မြေပဲနှင့်ပဲပုပ်တို့ကို ပဲမျိုးများတွင်ပင် ထားသင့်သည်ဟု ထင်ပါသည်။ ပဲပုပ်အကြောင်း ရေးသားခဲ့ကြသည်များ အများအပြားရှိပြီး ပဲပုပ်သည် ကမ္ဘာ့အရေးအကြီးဆုံးသီးနှံ ၁၀ မျိုးတွင်လည်း နံပါတ် ၆ တွင် ချိတ်သော သီးနှံဖြစ်ပါသည်။ ကမ္ဘာ့အရေးအကြီးဆုံးသီးနှံ ၁၀ မျိုးမှာ ပြောင်း၊ ဂျုံ၊ ဆန်၊ အာလူး၊ ပီလောပီနမ်၊ ပဲပုပ်၊ ကန်စွန်းဥ၊ နှံစားပြောင်း၊ ဝဥနှင့်ချက်စားရသော ငှက်ပျောသီးတစ်မျိုးဖြစ်သော Plantains တို့ဖြစ်ပါသည်။

### Horse Gram ခေါ် ပဲပိစပ်

မြန်မာအမည် ပဲပိစပ်ကို ဟိန္ဒူလို Kulthi/ Hulthi (ကူလ်သီ/ဟူလ်သီ)ဟုခေါ်ပါသည်။ တမီလ်စကားတွင် Kollu (ကူလ်လူ)ဟု ခေါ်ပါသည်။ အင်္ဂလိပ်လိုအားဖြင့် Horse gram မြင်းစားပဲ၊ မြင်းပဲဟု ခေါ်ပါသည်။ သိပ္ပံအမည်အားဖြင့် Macrotyloma uniflorum ဟု ခေါ်ပါသည်။ မျိုးရင်းမှာ Legume ပဲမျိုးရင်းတွင် ပါဝင်ပါသည်။ မြင်းပဲ၊ မြင်းစားပဲဟု အဘယ်ကြောင့်ခေါ်သည်ကို လေ့လာကြည့်ရာ ပဲပိစပ်မှာ ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် ပြိုင်မြင်းများကို ကျွေးမွေးရာမှ ဈေးကွက်တွင် မြင်းစားပဲ ၊ horse gramဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးသည်မှာ လွန်လေပြီးသော ရှေးဟောင်းခေတ်များဆီကပင်ဖြစ်သည်ဟု သိရပါသည်။ ထို့နောက် အရှေ့တောင်အာရှ၊ အာရှကျွန်းဆွယ်နှင့် အာဖရိကအပူပိုင်းဇုန်များသို့ ပျံ့နှံ့သွားပါသည်။ အမေရိကန် အမျိုးသားသိပ္ပံ အကယ်ဒမီက ယခု ပဲပိစပ်ကို အနာဂတ်တွင် အလားအလာကောင်းသော အာဟာရကြွယ်ဝသည့် အစားအသောက် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ မိုးခေါင်ရေရှားခြင်းကို ခံနိုင်ရည်ရှိသော ပဲတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲပိစပ်ကို အနည်းငယ်သာစိုက်ပျိုးပြီး ပဲပိစပ်ပဲမှ ထုတ်လုပ်သည့် စားသောက်ကုန်မှာ ပုန်းရည်ကြီးဖြစ်ကြောင်း သိရပါသည်။ သို့ရာတွင် ကမ္ဘာပေါ်တွင် အိန္ဒိယတိုက်ငယ်၌သာ များများစားစားစိုက်ပျိုးပြီး မြန်မာနိုင်ငံကဲ့သို့ အရှေ့တောင်အာရှ ဒေသနိုင်ငံများတွင်လည်း အနည်းငယ်စိုက်ပျိုးသည်ဟု သိရပါသည်။ များများစားစား စိုက်ပျိုးထုတ်လုပ်ခြင်းလည်း မရှိကြောင်း တွေ့ရပါသည်။

### ပဲပိစပ်တွင် ပါဝင်သော အာဟာရဓာတ်များ

ပဲပိစပ်ခေါ် horse gram တွင် ထူးထူးခြားခြား ပရိုတင်းဓာတ်များစွာပါဝင်ပါသည်။ ၁၇ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်းအထိ ပါဝင်သည်ဟု ဆိုပါသည်။ ကာဗိုဟိုက်ဒရိတ်မှာ ၅၁ ဒသမ ၉ မှ ၆၀ ဒသမ ၉ ရာခိုင်နှုန်းအထိလည်းကောင်း၊ အမိုင်နိုအက်စစ်၊ စွမ်းအင်နှင့် သံဓာတ်များနှင့် လိုင်ပေ့စသော ဓာတ်များပါဝင်ကြပါသည်။ ထူးခြားချက်မှာ ဆီပါဝင်မှုသည် ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ပါဝင်သဖြင့် ပဲပိစပ်မှ ဆီထုတ်ယူခြင်းမရှိကြပါ။

### Soybean ခေါ် ပဲပုပ်၏ သမိုင်း

ပဲပုပ်၏ ဇာတိသည် အရှေ့အာရှဖြစ်သည်ဟု ဆိုပါသည်။ အရှေ့အာရှတစ်လွှားတွင် ကျယ်ပြန့်စွာ စိုက်ပျိုးကြပြီး အစားအသောက်အဖြစ် အမျိုးစုံပြုလုပ်သုံးစွဲကြပါသည်။ တရုတ်တောင်သူများသည် ဘီစီ ၁၁၀၀ ကတည်းက စိုက်ပျိုးခဲ့ကြသည်ဟု ဆိုပါသည်။ ၁၇၆၅ ခုနှစ်တွင် တရုတ်နိုင်ငံမှ ပဲပုပ်မျိုးစေ့သည် ဗြိတိသျှ ဂျော်ဂျီယာနယ်သို့ ရောက်ရှိစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ထိုအချိန် မတိုင်မီကပင် ပဲပုပ်ဆော့စ်သည် ဥရောပနှင့် ဗြိတိသျှကိုလိုနီနယ်များတွင် ပေါ်ပြူလာဖြစ်ခဲ့သည်ဟု သိရသည်။ ၁၈၇၀ခန့်တွင် ပဲပုပ်သည် ပိုမိုကျော်ကြားလာပြီး တောင်သူများသည် တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးလာကြသည်။ ပူနွေးစွတ်စိုသည့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်နှင့် ကိုက်ညီပြီး ပိုမိုစိုက်ပျိုးလာကြပါသည်။ ထို့နောက်ပိုင်း ရာစုနှစ်များတွင် အမေရိကန် စိုက်ပျိုးရေးဌာန United States Department of Agriculture မှ ပဲပုပ်နှင့်ပတ်သက်၍ စမ်းသပ်မှုများပြုလုပ်ပြီး တိရစ္ဆာန်အစားအစာအဖြစ်စိုက်ပျိုးရန် အားပေးခဲ့ပါသည်။ ထို့နောက် ၁၉၀၄ ခုနှစ်ခန့်တွင် အမေရိကန် လူမည်း ဓာတုဗေဒသိပ္ပံပညာရှင် George Washington Carver ဆိုသူက (ကျွန်တော်ကြိုက်နှစ်သက်သော Mobile Business School ပုံစံကို မြင်းလှည်းဖြင့် အမေရိကန်တောင်ပိုင်းတွင် လှည့်လည်ကာ ပညာပေးခဲ့သူလည်း ဖြစ်ပါသည်) ပဲပုပ်တွင် ပရိုတင်းနှင့် ဆီဓာတ်များစွာပါဝင်သည်ကို တွေ့ရှိခဲ့ပါသည်။ ထို့ပြင် အမေရိကန်တောင်ပိုင်းတွင် ဝါဂွမ်းကို အကြီး အကျယ်စိုက်ပျိုးခဲ့ပြီး နှစ်စဉ်ဆက်တိုက်စိုက်ပျိုးခဲ့သဖြင့် မြေဆီခန်းခြောက်ကာ အထွက်ကျဆင်းခြင်းနှင့် ပိုးကျခြင်းများ ဖြစ်လာသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်လာသည်ကို ကာကွယ်ရန်အတွက် သုံးနှစ်လျှင် ဝါဂွမ်းကို တတိယနှစ်တွင်မှ စိုက်ပျိုးပြီး ပထမနှစ်နှစ်တွင် ပဲပုပ်၊ မြေပဲနှင့် ကန်စွန်းဥတို့ကို စိုက်ပျိုးရန် လှုံ့ဆော်ခဲ့သည်။ ထိုအချိန်က ၎င်းတာဝန်ယူခဲ့သည့် စိုက်ပျိုးရေးကျောင်းပိုင်မြေများတွင် နမူနာပြစိုက်ပျိုးပြသခဲ့ပြီး ၎င်းပြောသကဲ့သို့ လိုက်လံစိုက်ပျိုးသူများသည်လည်း အကျိုးထူးများ ရရှိခဲ့ကြသည်။ ထို့ပြင် George Washington Carver သည် မြေပဲနှင့် ပဲပုပ်မှ ထုတ်လုပ်နိုင်သော စားသောက်ကုန်အမျိုးပေါင်း နှစ်ရာကျော်ကိုလည်း စမ်းသပ်ထုတ်လုပ်ပြသပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လုပ်ဆောင်ခဲ့သည်။ ပူးတွဲ တည်ထောင်သူအဖြစ်ပါဝင်သော William Morse သည် အမေရိကန် ပဲပုပ်အသင်း American Soybean Association တွင် ၁၉၁၉ ခုနှစ်၌ ဥက္ကဋ္ဌဖြစ်လာပါသည်။ ထိုအချိန်က ပဲပုပ်မျိုးပေါင်း ၂၀ ခန့်ကို စိုက်ပျိုးကြကြောင်း မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။ William Morse သည် ၁၉၂၉ တွင် တရုတ်နိုင်ငံမှ မျိုးပေါင်း ၁၀၀၀၀ ကျော်ကို ရယူမှတ်တမ်း တင်နိုင်ခဲ့သည်ဟု သိရပါသည်။ ထို့ပြင် ၁၉၅၃ ခုနှစ်တွင် Henry Ford သည် ပဲပုပ်မှ ပလတ်စတစ်ကို ထုတ်လုပ်ပြီး ထိုအချိန်က ၎င်းထုတ်လုပ်သည့် ဖို့ဒ်ကားများတွင် သုံးစွဲခဲ့သည်ဟု သိရပါသည်။ အမေရိကန်သည် ပဲပုပ်ထုတ်လုပ်မှုတွင် ထိပ်ဆုံးသို့ ရောက်ရှိလာသကဲ့သို့ ပဲပုပ်၏ မူလဇာတိဖြစ်သော တရုတ်နိုင်ငံသည်လည်း ပဲပုပ်အများအပြားကို စိုက်ပျိုးထုတ်လုပ်ကြသည်။

ပဲပုပ်၏သိပ္ပံအမည်မှာ Glycine max ဖြစ်သည်။ ပဲပုပ်သည်လည်း Fabaceae မျိုးရင်းဝင် ပဲမျိုးပင်ဖြစ်ပါသည်။ အာဟာရဓာတ်ကြွယ်ဝသည့်အတွက် ပဲပုပ်သီးနှံသည် အရသာကောင်းပြီး စားသုံးမှုများပြားသော သီးနှံတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှု များပြားသဖြင့် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်သမျှသည် ပြည်တွင်းဈေးကွက်တွင်သာ ကုန်ဆုံးပြီး ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိချေ။ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ပဲပုပ်စားသုံးမှုအလွန်များပြားသည့်အပြင် စားသုံးဆီအဖြစ်ပါထုတ်လုပ်စားသုံးသဖြင့် ကြီးမားသောပဲပုပ်ဈေးကွက်ကြီးဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအကြိုက် ပဲပုပ်များကို ကောင်းစွာစိုက်ပျိုး ထုတ်လုပ်နိုင်ခြင်းမရှိသည်ကို တွေ့မြင်နေရပါသည်။

### ပဲပုပ်တွင်ပါဝင်သော အာဟာရဓာတ်များ

ပဲပုပ်တွင် အဓိကပါဝင်သော အာဟာရဓာတ်မှာ ပရိုတင်းဓာတ်ဖြစ်သည်။ အခြားသော ကောင်းမွန်သည့် ဆီနှင့် carbs တို့လည်းပါဝင်သည်ကို တွေ့ရသည်။ ပြုတ်ထားသော ပဲပုပ် ၁၀၀ ဂရမ်( ၃ ဒသမ ၅ အောင်စ)တွင်ပါဝင်သည့် အာဟာရဓာတ်များမှာ– ကယ်လိုရီ ၁၇၃၊ ရေဓာတ် ၆၃ ရာခိုင်နှုန်း၊ ပရိုတင်း ၁၆ ဒသမ ၆ ဂရမ်၊Carbs ၉ ဒသမ ၉ ဂရမ်၊ သကြားဓာတ် ၃ ဂရမ်၊ ဖိုင်ဘာ ၆ ဂရမ်၊ ဆီဓာတ် ၉ ဂရမ် (Saturated=1.3 grams, Monounsaturated, 1.98grams,Polyunsaturated = 5.06 grams, Omega–3 = 0.6 grams and Omega–6 = 4.47grams) တို့ဖြစ်သည်။ ထို့ကြောင့် ဆီဓာတ် ၀ ဒသမ ၆ ရာခိုင်နှုန်းသာပါဝင်သော ပဲပိစပ်နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ပဲပိစပ် (Horse Gram) မှ ဆီမထုတ်နိုင်ပါ။ ပဲပုပ်(Soybean or Soya Bean) မှသာ ဆီထုတ်ပါသည်။ ဂူးဂဲလ်တွင် Soybean or Soya Bean ၏ အဓိပ္ပာယ်ကို ရိုက်ကြည့်လျှင်လည်း ပဲပုပ်ဟုသာ ပြန်ထားသည်ကို တွေ့နိုင်ပါသည်။

### ပဲပုပ်ဆီလော၊ ပဲပိစပ်ဆီလော

"ကမ္ဘာ့ပဲပုပ်ဈေးကွက်နှင့် မြန်မာ့ပဲပုပ်ကဏ္ဍအတွက်လိုအပ်ချက်များ" ဟူသော ဆောင်းပါးကို စားသုံးသူရေးရာဦးစီးဌာန၊ လှည်းကူးရှိဓာတ်ခွဲခန်းအရာရှိတစ်ဦးဖြစ်သူ CTQM မောင်မောင် က Com–merce Journal တွင် အောက်ပါအတိုင်းရေးသားထားသည်ကို တွေ့ရပါသည်။ "ပဲပုပ် ဆိုသည်နှင့် မြန်မာတို့သည် ပဲပိစပ်နှင့် လွဲမှားလေ့ရှိတတ်ကြသည်။ စင်စစ်တွင် ပဲပုပ်သည် ပဲပိစပ် မဟုတ်ချေ။ အချို့သော ထုတ်ကုန်များတွင် ပဲပုပ်နှင့်ပဲပိစပ်ကို မှားယွင်းစွာ သုံးနှုန်း၍ ရိုက်နှိပ်ဖော်ပြသည်များလည်းရှိသည်။ အထူးသဖြင့် ပဲပုပ်ဆီထုတ်လုပ်မှုတွင် အချို့သောအမှတ်တံဆိပ်များသည် ပဲပိစပ်ဆီဟူ၍ မှားယွင်းစွာဖော်ပြမှုများရှိသည်ကို စိတ်မကောင်းစွာ တွေ့ရပေသည်။ ပဲပုပ်နှင့် ပဲပိစပ်တွင် ဆီကြိတ်လို့

*စာမျက်နှာ ၂၁ သို့*

> " Soybean Oil သို့မဟုတ် ပဲပုပ်ဆီကို ထုတ်လုပ်သော နိုင်ငံအလိုက်ကို လေ့လာကြည့်ရာတွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးတွင်ရှိပြီး တန်ချိန် ၁၇ ဒသမ ၃၈၂ သန်း ထုတ်လုပ်ကြောင်း တွေ့ရပါသည်။ ဒုတိယမှာ အမေရိကန်နိုင်ငံဖြစ်ပြီး တန်ချိန် ၁၁ ဒသမ ၇၈၃ သန်းနှင့် တတိယဖြစ်သော ဘရာဇီးနိုင်ငံမှာ တန် ၉ ဒသမ ၀၈၆ သန်း ထုတ်လုပ်ကြောင်း သိရ "

# လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၃**



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာ၊ ဓနုဖြူမြို့နယ် တောင်ဇီးကျေးရွာ၊ ညောင်တုန်းမြို့နယ် ပန်းဆိပ်ကျေးရွာ၊ ကပ္ပလီကျွန်းကျေးရွာ၊ မြမ္မာပြာသာကျေးရွာ၊ မအူပင်မြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက်တို့၌ မေ ၂ ရက် ည ၉ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့သဖြင့် နေအိမ် ၃၀၄ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး နေအိမ် ၁၁၆ လုံး ပြိုကျပျက်စီးသည်။

အဆိုပါ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များ၌ ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ အဆောက်အအုံ အပျက်အစီးများနှင့် သစ်ပင်သစ်ကိုင်း အကျိုးအပဲ့များကို ဖယ်ရှား ရှင်းလင်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သော ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သီပေါ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**သီပေါ မေ ၃**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ကြီးကြပ်ကွပ်ကဲ၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မဟာမြတ်မုနိဘုရားကြီး သာသနိကအဆောက်အအုံများ ရေဖြင့်ဆေးကြော သန့်စင်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေခါးများ ထားရှိရေး ကွင်းဆင်းစစ်ဆေးအကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းခြင်း စသည့် လုပ်ငန်းများအပြင် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းခြင်း စသည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၃၀၂၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၇၀၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၀၇၃၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၈၁၂၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၅၇၉၇၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၇၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ မေ ၂ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိမြို့နယ်ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

ရသည်မှာ Soybean ခေါ် ပဲပုပ်သီးနှံသာ ဖြစ်သည်။ ပဲပိစပ်ခေါ် Horse Gram သည် ဆီကြိတ်၍မရ၊ ဆီမထွက်နိုင်ပေ၊ အညာဒေသထွက် ပုံးရည်ကြီးသည်သာလျှင် ပဲပိစပ်မှထုတ်သော ထုတ်ကုန်ဖြစ်လေသည်” ဟု ရေးသားထားသည်ကို တွေ့ရသည်။ အစိမ်းရောင်လမ်းဟူသော စိုက်ပျိုးရေး website တစ်ခုတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်၌ ဆရာသုတစိုး(နှစ်ရှည်ပင်) က “ပဲပိစပ်နှင့်ပဲပုပ်” ဟူသော ဆောင်းပါးတွင် “စိုက်ပျိုးရေးဘွဲ့ရတွေ တော်တော်များများ သိကြပါတယ်၊ ခက်တာက ပြင်ပလုပ်ငန်းရှင်တွေ၊ ကျွန်တော်လည်း အမှားတွေ့ရင် မနေတတ်ဘူး။ ပဲဆီကြော်ငြာတွေ ဖတ်မိကတည်းက ရင်ထဲမှာ ကလိကလိဖြစ်နေတာ။ အဲဒါနဲ့ ဘုရင့်နောင်က ဆီစက်ရုံးခွဲကို လယ်ယာစီးပွားမှာပါတဲ့ ခင်လေး(YAU)ရဲ့ ပဲပိစပ်နဲ့ ပဲပုပ်အကြောင်း ဆောင်းပါးကိုကူးပြီး စာတိုက်က မှတ်ပုံတင်ပို့ခဲ့တယ်”၊ “ပဲပိစပ် ဆီစက်ရုံဖွင့်ပွဲတဲ့ အကြီးအကဲတွေ ဖဲကြိုးဖြတ်ဖွင့်ကြတယ်၊ ဗီနိုင်းတွေ ကြော်ငြာမှာ ပဲပိစပ်ဆီသန့်တဲ့၊ တီဗွီမှာပါ ကြော်ငြာတာနော်။ လောလောဆယ် တွေ့တာက တော့ ရွှေသြဇာကြော်ငြာစာအုပ်မှာ ပဲပိစပ် (ပဲပုပ်) ပင်လို့ စာမျက်နှာ ၇ မှာ ဓာတ်ပုံနဲ့ပြထားတယ်။ ပဲပိစပ်ကို ဆီကြိတ်လို့ ဆီမထွက်တာကို သူတို့မသိကြ၊ ပဲပိစပ်က ညောင်ဦးမှာ ပုံးရည်ကြီးလုပ်တာလေ” စသဖြင့် ပဲပိစပ်မှ ဆီကြိတ်မရကြောင်း ရေးသားထားပါသည်။

### ပဲပုပ်ဆီ ထုတ်လုပ်မှု

Soybean Oil သို့မဟုတ် ပဲပုပ်ဆီကို ထုတ်လုပ်သော နိုင်ငံအလိုက်ကို လေ့လာကြည့်ရာတွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးတွင်ရှိပြီး တန်ချိန် ၁၇ ဒသမ ၃၈၂ သန်း ထုတ်လုပ်ကြောင်း တွေ့ရပါသည်။ ဒုတိယမှာ အမေရိကန်နိုင်ငံဖြစ်ပြီး တန်ချိန် ၁၁ ဒသမ ၇၈၃ သန်းနှင့် တတိယဖြစ်သော ဘရာဇီးနိုင်ငံမှာ တန် ၉ ဒသမ ၀၈၆ သန်း ထုတ်လုပ်ကြောင်း သိရပါသည်။ စတုတ္ထမှာ အာဂျင်တီးနားဖြစ်ပြီး တန် ၈ ဒသမ ၁၅၀ သန်း ထုတ်လုပ်ပါသည်။ အီးယူ ၂၇ နိုင်ငံမှာ ပဥ္စမဖြစ်ပြီး တန် ၃ ဒသမ ၀၂၃ သန်း ထုတ်လုပ်ပါသည်။ အမှတ်စဉ်ခြောက်အဖြစ် ကမ္ဘာ့ပဲပုပ်ဆီ ထုတ်လုပ်သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၁ ဒသမ ၈ သန်း ထုတ်လုပ်သည်ဟု ဆိုပါသည်။ မက္ကဆီကိုနိုင်ငံမှာ ကမ္ဘာ့ပဲပုပ်ဆီ ထုတ်လုပ်မှုတွင် အဆင့် ၇ ၌ရှိပြီး တန်ချိန်အားဖြင့် ၁ ဒသမ ၁၈၁ သန်း ထုတ်လုပ်ပါသည်။ ရုရှားဖက်ဒရေးရှင်းသည် အဆင့် ၈ တွင်ရှိပြီး ထုတ်လုပ်မှုမှာ တန်ချိန်အားဖြင့် ၀ ဒသမ ၈၉၇ သန်း ထုတ်လုပ်ပါသည်။ အဆင့်ဆင့်အားဖြင့် အီဂျစ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါရာဂွေး၊ ထိုင်းနိုင်ငံ( ထိုင်းနိုင်ငံမှာ အဆင့်အားဖြင့် ၁၂ ဖြစ်ပြီး ပဲပုပ်ဆီထုတ်လုပ်သည့် တန်ချိန်မှာ ၀ ဒသမ ၅၂၀ သန်းရှိသဖြင့် အလားအလာကောင်းသောအဆင့် ဖြစ်ပါသည်)တို့ဖြစ်ပါသည်။ ဆက်လက်ပြီးဖော်ပြရလျှင် ဘိုလီဗီးယား၊ ပါကစ္စတန်၊ ဂျပန်၊ အီရန်၊ ထိုင်ဝမ်၊ တရုတ်၊ ကနေဒါ၊ တူရကီ၊ ယူကရိန်း၊ တောင်အာဖရိက၊ ဗီယက်နမ်၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊ နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဗျ၊ ယူကေ၊ မလေးရှား၊ ကိုလံဘီယာ၊ တူနီးရှားတို့သည့် အဆင့် ၁ မှ ၃၀ အထိ အစဉ်လိုက်ရှိကြပါသည်။ မြန်မာနိုင်ငံသို့ တင်သွင်းလာသော Soya Bean oil or Soybean oil သည် ပဲပုပ်ဆီသာ ဖြစ်ပါသည်။ ပဲပိစပ်ဆီ မဟုတ်ပါ။ ထို့ကြောင့် စားသုံးဆီတင်သွင်းသူများသည် ဘာသာပြန်ဆိုမှုများကို များစွာသတိပြုသင့်ကြောင်း အကြံပေးလိုပါသည်။ ယခုအထိ အဆိုပါ ဆီများကို ပဲပိစပ်ဆီဟုသာ ဈေးကွက်တွင် တင်၍ ရောင်းချနေသည်ကို ပြန်လည်ပြင်ဆင်သင့်ပါသည်။ အမှားကြာလျှင် အမှန်ပြင်ရခက်ပါလိမ့်မည်။

### စားသုံးသူကာကွယ်ရေးဥပဒေ၊ မြန်မာစာဖြင့် ဖော်ပြရေးနှင့် ထင်ယောင်ထင်မှား

စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ဥပဒေ၏အခန်း ၁၈ တွင် ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၁ တွင် စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီဖော်ပြရန် ပြဋ္ဌာန်းထားပါသည်။ အဆိုပါအချက်၏ အပိုဒ်ခွဲ (ခ)တွင် ကုန်စည်အမျိုးအမည်ကို ဖော်ပြရန် ထည့်သွင်းထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ကလည်း ညွှန်ကြားချက် ၂/၂၀၁၉ ထုတ်ပြန်၍ ကုန်စည်များ၏ ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာတွင် ပါဝင်ရမည့်အချက်များနှင့် အဓိကဖြစ်သော “အမျိုးအမည်” ဖော်ပြရန် ပါဝင်ခဲ့ပါသည်။ ဆိုလိုသည်မှာ နိုင်ငံခြားမှ တင်သွင်းလာသော စားသုံးဆီများကို မြန်မာဘာသာဖြင့်ပါ ဖော်ပြရေးဖြစ်ပါသည်။ ကုန်ပစ္စည်းအမျိုးအမည်၊ အမျိုးအစားကို ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ပြန်ဆိုရမည်ဖြစ်ပြီး ထိုသို့ မြန်မာဘာသာသို့ပြန်ဆိုရာတွင် လုပ်ငန်းရှင်အနေဖြင့် မှန်ကန်အောင်ပြန်ဆိုရမည့်အချက်မှာ တာဝန်တစ်ရပ်ဖြစ်ပါသည်။ အချို့သော လုပ်ငန်းရှင်များမှာ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြတတ်ကြသဖြင့် ရိုးသားစွာလွဲမှားသူများအနေဖြင့် စားသုံးသူများအား လေးစားသောအားဖြင့် အမှန်အတိုင်းဖြစ်စေရေးသည် အရေးကြီးပါသည်။ အမှားကြာလျှင် အမှန်ပြင်ရခက်ပါသည်။ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပုဒ်မ ၂ (ဓ) တွင် “ ထင်ယောင်ထင်မှားဖြစ်ခြင်းဆိုသည်မှာ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကိုဆိုသည်” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အင်္ဂလိပ်အမည်မှ မြန်မာအမည်သို့ပြန်ဆိုရာတွင် လွဲမှားမှု ဖြစ်ပေါ်ပါက အဆိုပါလွဲမှားမှုသည် စားသုံးသူအတွက် ထင်ယောင်ထင်မှားမဖြစ်စေရန် လိုအပ်ပါသည်။ လုပ်ငန်းရှင်ဘက်မှ စားသုံးသူများအတွက် ဆောင်ရွက်ပေးရန်မှာ အမှန်အတိုင်းသိရှိနိုင်ရန်၊ ရွေးချယ်နိုင်ရန်၊ ဝယ်ယူနိုင်ရန် ဖြစ်သည့်အတွက် အဆိုပါ ပဲပုပ်နှင့် ပဲပိစပ်လွဲမှားမှုကိုလည်း စားသုံးသူများ အမှန်အတိုင်းသိမြင်စေရေးအတွက် ပြင်ဆင်ပေးနိုင်ပါရန် လုပ်ငန်းရှင်များအား တိုက်တွန်းအပ်ပါသည်ခင်ဗျား။ ။

# တယ်လီနော၊မြန်မာက ဆင်းကတ်များ ပြန်လည်မှတ်ပုံတင်စေခြင်းနှင့်ပတ်သက်၍ အသိပေးချက်ထုတ်ပြန်

**ရန်ကုန် မေ ၃**

တယ်လီနောဆင်းကတ်များကို သုံးစွဲသူများအနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသည့် ဆင်းကတ်များကို ပြန်လည်မှတ်ပုံတင်ရန် တယ်လီနောက အကြောင်းကြားစာများပေးပို့ခြင်းနှင့်ပတ်သက်၍ လတ်တလောတွင် သတင်းမှား ပျံ့နှံ့လျက်ရှိရာ တယ်လီနောမြန်မာက အသိပေးချက်တစ်ခုကို ဧပြီ ၂၈ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ဆင်းကတ်များကို ပြန်လည်မှတ်ပုံတင်စေခြင်းမှာ သုံးစွဲသူများအနေဖြင့် ဆင်းကတ်မှတ်ပုံတင်မှုလုပ်ငန်းစဉ် မပြီးဆုံးခြင်း သို့မဟုတ် အချက်အလက်များ မမှန်မကန်သည့် အခြေအနေများကို တယ်လီနော၏ လုပ်ငန်းလည်ပတ်မှုစနစ်တွင် တွေ့ရှိပါက လုပ်ငန်းစဉ်ပြီးဆုံးအောင်ဆောင်ရွက်ရန် သို့မဟုတ် အချက်အလက်အမှန်များ ဖြည့်သွင်းရန်အတွက် ပုံမှန်ပြုလုပ်နေကျအတိုင်း သုံးစွဲသူများအား သတိပေးအကြောင်းကြားခြင်းဖြစ်ကြောင်း၊ ဆင်းကတ်များမှတ်ပုံတင်ခြင်းကို မှန်ကန်ပြည့်စုံစွာဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် တယ်လီနောမြန်မာ၏ လုပ်ငန်းလုပ်ဆောင်မှု စံနှုန်းများနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းသာဖြစ်ပြီး တယ်လီနောမြန်မာ ပိုင်ရှင်ပြောင်းလဲမှုနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တယ်လီနောမြန်မာ၏ လုပ်ငန်းလည်ပတ်မှုသည် မူလအတိုင်း ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ပံ့ပိုးပေးလျက်ရှိသည့် ဝန်ဆောင်မှုများတွင်လည်း မည်သည့်ပြောင်းလဲမှုမှ ရှိမည်မဟုတ်ကြောင်း၊ သန်းပေါင်းများစွာသော သုံးစွဲသူတို့အတွက် မရှိမဖြစ်လိုအပ်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ရရှိနေစေရန် ယခုကာလတွင် လုပ်ဆောင်ချက်များကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေချောမွေ့အောင် လုပ်ဆောင်သွားမည်ဟု ကတိပြုပြောကြားလိုကြောင်း၊ တယ်လီနောမြန်မာ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများတွင် အပြောင်းအလဲများရှိပါက သုံးစွဲသူများအား ချက်ချင်း အသိပေး အကြောင်းကြားသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ သိသင့်သိထိုက်သူများအားလုံးကိုလည်း တက်တက်ကြွကြွ ဦးဆောင်အသိပေးသွားမည်ဖြစ်ကြောင်းနှင့် တယ်လီနောမြန်မာအနေဖြင့် သုံးစွဲသူများအတွက် အကောင်းဆုံး ဂရုစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုစိုး**

# အူရီဒူးမြန်မာက Asia-Pacific Stevie® Awards 2022 တွင် ဆုသုံးဆု ဆွတ်ခူး

**ရန်ကုန် မေ ၃**

အူရီဒူးမြန်မာသည် Asia–Pacific Stevie® Awards 2022 တွင် ချီးမြှင့်သောဆုများအနက် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍတွင် ဆန်းသစ်တီထွင်အောင်မြင်မှု(Innovative Achieve–ment in Human Resources)အတွက် ရွှေတံဆိပ်ဆု၊ ကော်ပိုရိတ်အလိုက် ကိုဗစ်–၁၉ တုံ့ပြန်မှုကဏ္ဍအတွက် ငွေတံဆိပ်ဆုနှင့် သုံးစွဲသူဝန်ဆောင်မှု ကဏ္ဍတွင် နည်းပညာကို ဆန်းသစ်တီထွင်အသုံးပြုခြင်း(ဆက်သွယ်ရေးလုပ်ငန်းများ)ကဏ္ဍအတွက် ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် အူရီဒူးဝန်ထမ်းများအား အလေးထားဂရုစိုက်ခြင်း၊ ဆက်သွယ်ချိတ်ဆက်ခြင်းနှင့် စိန်ခေါ်မှုများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းစသည့် လုပ်ဆောင်မှုများကြောင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍတွင် ဆန်းသစ်တီထွင်အောင်မြင်မှု ရွှေတံဆိပ်ဆုကို ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပံ့ပိုးကူညီပေးမှုများအတွက် အူရီဒူးမြန်မာ၏ အားစိုက်ထုတ်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ကော်ပိုရိတ်အလိုက် ကိုဗစ်–၁၉ တုံ့ပြန်မှုကဏ္ဍတွင် ငွေတံဆိပ်ဆု ရရှိခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် အူရီဒူးမြန်မာအနေဖြင့် ဆက်သွယ်ရေးဆိုင်ရာပံ့ပိုးမှု၊ ငွေကြေးပိုင်းပံ့ပိုးမှု၊ အရေးပေါ်ဆေးပစ္စည်း ပံ့ပိုးလှူဒါန်းမှုနှင့် ပြည်သူလူထုအား ပံ့ပိုးမှုတို့အတွက် စုစုပေါင်း ကျပ်သိန်းပေါင်း ၃၉၀၀၀ ကျော်ကို အသုံးပြုခဲ့ကြောင်း သိရသည်။

သုံးစွဲသူဝန်ဆောင်မှုကဏ္ဍတွင် နည်းပညာကို ဆန်းသစ်တီထွင်အသုံးပြုခြင်း(ဆက်သွယ်ရေးလုပ်ငန်းများ)ကဏ္ဍအတွက် ကြေးတံဆိပ်ဆုကို အူရီဒူးမြန်မာအနေဖြင့် My Ooredoo အက်ပလီကေးရှင်းဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သုံးစွဲသူများသည် မည်သည့်ပြဿနာကိုမဆို သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဖုန်းခေါ်ဆိုရန်မလိုအပ်ဘဲ အက်ပလီကေးရှင်းပေါ်မှတစ်ဆင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဖြင့် အကြောင်းကြားနိုင်ခြင်း၊ အူရီဒူးဝန်ဆောင်မှု သုံးစွဲသူများအား ၎င်းတို့၏ ကြိုက်နှစ်သက်ရာများအပေါ် အခြေခံပြီး ၎င်းတို့၏ကိုယ်ပိုင်အစီအစဉ်ကို အက်ပလီကေးရှင်းတွင် တည်ဆောက်နိုင်စေခြင်း၊ အင်တာနက်ပြတ်တောက်နေလျှင်လည်း အက်ပလီကေးရှင်းသို့ အင်တာနက်မလိုဘဲ ဝင်ရောက်အသုံးပြုနိုင်ခြင်း စသည်တို့ အပါအဝင် အခြား ဝန်ဆောင်မှုများကြောင့် My Ooredoo အက်ပလီကေးရှင်းသည် အူရီဒူး၏ သုံးစွဲသူဝန်ဆောင်မှု အတွေ့အကြုံကို သိသာထင်ရှားစွာ တိုးတက်စေခဲ့၍ ကြေးတံဆိပ်ဆုကို ရရှိခြင်းဖြစ်ကြောင်း သိရသည်။




Asia–Pacific Stevie® Awards သည် အာရှ–ပစိဖိတ်ဒေသရှိ အဖွဲ့အစည်းအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သော နိုင်ငံတကာ စီးပွားရေးဆု ပြိုင်ပွဲတစ်ခုဖြစ်ပြီး ဆုပေးပွဲ၏ အဓိကဦးစားပေးအချက်မှာ ဆန်းသစ်တီထွင်မှုပုံစံအားလုံးကို အသိအမှတ်ပြုခြင်းဖြစ်သောကြောင့် ထိုဆုများသည် စီးပွားရေးလုပ်ငန်းများအတွက် ဂုဏ်သတင်းကြီးသောဆုဖြစ်ကာ ယခု ၂၀၂၂ ခုနှစ် ဆုအတွက်လည်း အာရှ–ပစိဖိတ်ဒေသရှိနိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဝင်ရောက်လျှောက်ထားယှဉ်ပြိုင်မှု ၉၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**ကိုစိုး**

## Application Guide

### ယာဉ်မောင်းလိုင်စင်မေးခွန်းတွေကို အစမ်းဖြေနိုင်တဲ့ Safe Driving အက်ပလီကေးရှင်း

ဒီအက်ပလီကေးရှင်းကတော့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာတွေကို ဖော်ပြတဲ့ အက်ပလီကေးရှင်းဖြစ်ပြီး အဓိကအနေနဲ့ ယာဉ်မောင်းလိုင်စင်ဖြေမယ့်သူတွေအတွက် ကညနရဲ့ မေးခွန်းတွေကို ကိုယ်တိုင် စမ်းသပ်ဖြေဆိုနိုင်တဲ့ အက်ပလီကေးရှင်းဖြစ်ပါတယ်။ မြန်မာအက်ပလီကေးရှင်းတွေထဲမှာ ဒေါင်းလုပ်အရေအတွက် တစ်သိန်းကျော် ရထားတဲ့ ရှားပါးအက်ပလီကေးရှင်းတစ်ခုလည်း ဖြစ်ပါတယ်။




ဒီအက်ပလီကေးရှင်းမှာ ယာဉ်မမောင်းမီနဲ့ ယာဉ်မောင်းစဉ် သတိပြုရမယ့်အချက်တွေ၊ ယာဉ်ရဲ့ ဂီယာ၊ ဘရိတ်စတဲ့ အစိတ်အပိုင်းတွေနဲ့ဆိုင်တဲ့ အချက်တွေ၊ လမ်းစည်းကမ်းဆိုင်ရာတွေ စသဖြင့် ခေါင်းစဉ်ပေါင်း ၃၀ နဲ့အတူ ခေါင်းစဉ်တွေအောက်မှာ အနည်းဆုံး မေးခွန်းတစ်ခုကနေ အများဆုံး မေးခွန်း ၂၆ ခုအထိကို လေ့လာနိုင်ပါတယ်။ လေ့လာပြီးရင်တော့ လိုင်စင်ဖြေသလို စမ်းသပ်ဖြေဆိုနိုင်ပြီး လွယ်ကူတဲ့ Level 1 ကနေ ခက်ခဲတဲ့ Level 5 အထိ ငါးခုထဲက ရွေးချယ်ဖြေဆိုနိုင်ပါတယ်။

အက်ပလီကေးရှင်းကို ပလေးစတိုးမှာ Safe Driving Thein လို့ ရိုက်ရှာနိုင်ပြီး တစ်ကြိမ်ဒေါင်းလုပ်ဆွဲပြီးတာနဲ့ အော့ဖ်လိုင်းသုံးနိုင်ပါတယ်။ ဖိုင်အရွယ်အစားကလည်း 9MB လောက်ပဲရှိပြီး အန်းဒရွိုက်ဗားရှင်း 4.1 နဲ့အထက် ဖုန်းအားလုံးမှာ သုံးနိုင်ပါတယ်။ **ကျော်ဇင်ဦး**

# Viber တွင် လုံခြုံမှု ပိုမိုအားကောင်းစေရန် Two–step verification ထည့်သွင်း

**ရန်ကုန် မေ ၃**


ကမ္ဘာပေါ်တွင်ရော မြန်မာနိုင်ငံတွင်ပါ အသုံးပြုသူများသော စာတိုပို့ဆောင်ရေးနှင့် အသံအခြေပြု ဆက်သွယ်ရေး အက်ပလီကေးရှင်းတစ်ခုဖြစ်သည့် Viber တွင် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှု ပိုမိုကောင်းမွန်စေရန် Two–step verification လုပ်ဆောင်ချက်အသစ်ကို ဧပြီလကုန်ပိုင်းမှစ၍ ထည့်သွင်းပေးထားပြီဖြစ်ကြောင်း သိရသည်။

Two–step verification လုပ်ဆောင်ချက်ကို အသုံးပြုရန်အတွက် အီးမေးလ်ကို အသုံးပြု၍ Viber account တစ်ခုအတွက် ဂဏန်းခြောက်လုံးပါ လျှို့ဝှက်ကုဒ်ကို ဖန်တီးရမည်ဖြစ်ပြီး ထိုသို့ဖန်တီးပြီးပါက ပုံမှန်အသုံးပြုနေကျမဟုတ်သော မိုဘိုင်းဖုန်း သို့မဟုတ် ကွန်ပျူတာများမှတစ်ဆင့် အဆိုပါ Viber account သို့ဝင်ရောက်သည့်အခါ ဖန်တီးသတ်မှတ်ထားသော ကုဒ်နံပါတ်ကို ထည့်သွင်းခြင်းဖြင့် ဝင်ရောက်ရမည်ဖြစ်၍ Viber account များကို အသုံးပြုရာတွင် ပို၍ လုံခြုံမှုရှိစေမည်ဖြစ်သည်။ ဖုန်းပျောက်ဆုံးလျှင်လည်း သတ်မှတ်ထားသော ကုဒ်နံပါတ်ကို အသုံးပြု၍ အခြား မိုဘိုင်းဖုန်း သို့မဟုတ် ကွန်ပျူတာများမှတစ်ဆင့် ဝင်ရောက်ကာ ပျောက်သောဖုန်းပေါ်ရှိ Viber account ကို ပိတ်လိုက်နိုင်မည်ဖြစ်သည်။

Viber တွင် စာတိုနှင့် အသံ ပို့ဆောင်ခြင်းကို ယခင်ကပင် end–to–end encrypted ပြုလုပ်ထားခြင်းကြောင့် အသုံးပြုသူတစ်ဦးက ပေးပို့လိုက်သည့် စာနှင့် အသံများ၊ အချက်အလက်များကို လက်ခံမည့်သူမှလွဲ၍ မည်သူမှ ဝင်ရောက်ကြည့်ရှုခြင်း မပြုနိုင်အောင် ဆောင်ရွက်ထားသည်။ ယခု ထပ်မံထည့်သွင်းပေးလိုက်သည့် Two–step verification ကလည်း အသုံးပြုသူများ၏ အချက်အလက်များကို ပိုမို လုံခြုံမှုရှိစေမည်ဖြစ်ပြီး Viber အနေဖြင့် လက်ဗွေစနစ်အသုံးပြု၍ ဝင်ရောက်ခြင်းကိုလည်း ထောက်ပံ့ပေးနိုင်ရန် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ဦး**

**ကိုးကား – tbsnews.net**



# ကျေးလက်နေပြည်သူများ၏ ဘဝမြင့်မားရေးအတွက် အဓိကထား ကြိုးစားဆောင်ရွက်လျက်ရှိ

**ကံမ မေ ၃**

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့ဝင်များသည် မေ ၂ ရက်က ကံမမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် နတ်မီးတောက်-ပုထိုး မြေသားလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။** (ယာပုံ)




အဆိုပါတွေ့ဆုံပွဲတွင် ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်းက ဒေသဆိုင်ရာ အချက်လက်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးအောင်ချိန်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် ကျေးလက်ရေ ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်က ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူငယ်ရေးရာဖွံ့ဖြိုးရေး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို EIA စနစ်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ တင်ပြမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရန် ကျေးလက်နေပြည်သူများ၏ ဘဝမြင့်မားရေးအတွက် အဓိကထား ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများအောင်မြင်စေရန် တီထွင်ကြံဆ ထိုးဖောက်လုပ်ကိုင်ကြရန်နှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွတ်စုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မဒေးဆည်ရေသောက် နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ စပါးအထွက်နှုန်း ကောင်းမွန်စေရေး စိုက်ပျိုးရေ ပြည့်ဝစွာရရှိရေးတို့အတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း (ကံမ)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံမော်တာအပ်ချုပ်စက်သင်တန်းဖွင့်

**ဘားအံ မေ ၃**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက် သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို မေ ၃ ရက်က ဘားအံမြို့ လှာကမြင် (ကွက်သစ်) ရှိ အဆိုပါဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်သူဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို ရည်ရွယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်သည့်သင်တန်းတွင် မော်တာအပ်ချုပ်စက် ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသူများအနေဖြင့် မိသားစုဝင်ငွေရရှိရေးအတွက်ကြိုးစားသင်ယူလေ့လာ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ် ကျေးရွာရှစ်ရွာမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကို မေ ၂ ရက်မှ ၃၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးခင်ဇော်က သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

### ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ နေကြာ ၁၂၈၃ ဧက စိုက်ပျိုးရန်လျာထား

**ဆိပ်ဖြူ မေ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၊ ဆောင်းသီးနှံစိုက်ပျိုးရာသီတို့၌ ဆီထွက်သီးနှံနေကြာကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ နေကြာစိုက်ပျိုးမှုကို ယခင်နှစ်များတွင် ဒေသခံတောင်သူများက အနည်းငယ်စိုက်ပျိုးမှုများ ရှိခဲ့သော်လည်း ပြည်တွင်းစားသုံးဆီဖူလုံမှုရရှိစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့အောင်မြင်စွာ စိုက်ပျိုးရေး ဆီထွက်သီးနှံနေကြာကို မိုးရာသီတွင် ဧက ၂၉၂၀၊ ဆောင်းရာသီတွင် ၉၉၆၃ ဧက စုစုပေါင်း ၁၂၈၈၃ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံနေကြာ အောင်မြင်စွာစိုက်ပျိုးရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အသိပညာပေးခြင်း၊ ဒေသခံပြည်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နေကြာစိုက်ပျိုးရာတွင် တစ်ဧကလျှင် နေကြာမျိုး ငါးပြည်ခန့် ကုန်ကျမည်ဖြစ်ပြီး မြေပဲစိုက်ခင်းများနှင့် ပဲတီစိမ်းစိုက်ခင်းများတွင်သီးညှပ်အနေဖြင့်စိုက်ပျိုးပါက တစ်ဧကလျှင် တစ်ပြည်ခန့် ထည့်သွင်းစိုက်ပျိုးနိုင်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ရေဆင်းစပ်မျိုး(၁) နေကြာမျိုးများ၊ ဆင်းရွှေကြာ (၂) နေကြာမျိုးများကို ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**



# နမ့်ဆန်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ် ဖွင့်လှစ်

**နမ့်ဆန် မေ ၃**



ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဟူးခင်ကျေးရွာအုပ်စု မန်မိုင်မိန်းကွမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့တို့က မန်မိုင်မိန်းကွမ်းကျေးရွာ ပြည်သူလူထုနှင့် ပူးပေါင်းဆောက်လုပ်ပြီးစီးသော ပေ အလျား ၉၀၊ အနံ ပေ ၃၀ စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မန်မိုင်မိန်းကွမ်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာသိန်းဇော်က အမိုးအကာ လုံလောက်မှုမရှိခဲ့သောကျောင်းမှ ယခုအချိန်တွင် လုံလုံခြုံခြုံ ပြည့်ပြည့်စုံစုံ စာသင်ကြားနိုင်မည် ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ အတွက်လည်း စိတ်ခွန်အား တိုးပွားလာနိုင်မည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ နိပ္ပွန် ဖောင်ဒေးရှင်းကိုလည်း ကျေးဇူး အထူးတင်ရှိပါကြောင်း၊ ယခုလို ဖွံ့ဖြိုးမှု နောက်ကျကျန်နေသော မိမိတို့ဒေသများတွင် ဆောက်လုပ်ပေးရန် ရည်မှန်းထားသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့မှ ဒါရိုက်တာဦးတင်လေးက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်အား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထာဝရပဒေသာပင် ငွေကျပ် ၁၆၂ သိန်းကို ကျေးရွာကော်မတီထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နမ့်ဆန်ဒေသ**

**(ပြန်/ဆက်)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**




## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးလှိုင်(ခ)ဦးအောင်အောင်မိုး ၇/ပခန(နိုင်)၁၇၈၅၃၂၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး (၄)၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၃/၁၆၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်လှလှမူ(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၁၂၃၇၆၁ ဆိုသူနှင့် လွန်ခဲ့သော ၂၀၀၇ ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။

လွန်ခဲ့သော ၂၃–၉–၂၀၁၉ရက်တွင် ကျွန်ုပ်၏မိတ်ဆွေသည် ဦးနှောက်သွေးကြောပေါက်သည့် ဝေဒနာကြောင့် အာရုတော်ဝင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ရပါသည်။ ထိုဝေဒနာကြောင့် ကျွန်ုပ်၏မိတ်ဆွေသည် မသန်စွမ်းသူအဖြစ် ထိုနေ့မှစ၍ ဆေးကုသမှုဆက်လက်ခံယူခဲ့ရပါသည်။ ထိုသို့ ကျွန်ုပ်၏မိတ်ဆွေ ဝေဒနာခံစား၍ ဆေးကုသမှုခံယူနေရချိန်တွင် ၎င်း၏ဇနီးတော်စပ်ခဲ့သူ ဒေါ်လှလှမူသည် လွန်ခဲ့သော ၂၀၂၁ ခုနှစ် ဇွန်လတွင် ငွေသိန်း ၇၆၀နှင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ယူဆောင်၍ နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ ဝေဒနာရှင်ဖြစ်သော ကျွန်ုပ်၏မိတ်ဆွေအား စွန့်ပစ်မှုပြုခဲ့ပါသည်။

ထို့ကြောင့် ဒေါ်လှလှမူသည် နေအိမ်မှထွက်ခွာသွားပြီးနောက် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်ခွင့်ရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းကိစ္စရပ်များ ပြုလုပ်ဆောင်ရွက်ခဲ့ပါလျှင် ထိုဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဥပဒေနှင့်ညီညွတ်မှုမရှိပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ အနေဖြင့် သဘောတူခွင့်ပြုမည် မဟုတ်ပါကြောင်းနှင့် ဒေါ်လှလှမူ၏ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များမှာလည်း ကျွန်ုပ်မိတ်ဆွေအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလှိုင်(ခ)ဦးအောင်အောင်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်ဌေး BA(Law), LL.B**

**တရားလွှတ်တော်ရှေ့နေ**

**(စဉ်–၂၂၁၂) (၂၆–၅–၁၉၈၂)**

**အမှတ် (၁၃၈)၊ မွန်စံပြ (၁)လမ်း၊ ဟသ်ာကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း–၀၉–၄၂၈၁၆၃၆၄၄**

## တရားမဝင်ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မေ ၂ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန် ကြေညာလွှာ(ID)၌ ကြေညာထားခြင်းမရှိသည့် အချိုမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇,၅၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၇,၆၃၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၂၀၀ တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၅,၁၇၈,၀၀၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

၃။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၏ ဖုန်း-၀၉-၄၂၆၁၅၂၇၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃) မန္တလေးခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၄

ဦးအောင်မြင့်
စက်ကွေ့ရပ်၊ စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ **လျှောက်ထားသူ**
အမရပူရမြို့

**ကွယ်လွန်သူ ဦးသာဒွန်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်နီပင်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသာဒွန်း၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးအောင်မြင့်ကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် မေ ၁၇ရက်(၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသာဒွန်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ခုနှစ် မေ ၁၇ရက်(၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က ဦးအောင်မြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက် အမှတ်(၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ဧက၊ မြေကွက်တည်နေရာအမှတ် ၈၊ ရန်ပြေ(၂၂)လမ်း၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတ မြို့နယ် ဒေါ်ခင်ကြည် ၁၂/သကတ(နိုင်)၀၄၃၄၀၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၅၁ အနိုင်ဒီကရီတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် ၁၆နှင့် အရောင်းအဝယ်စာချုပ်အမှတ် ၄၆၇၁/၂၀၂၁ (၂၈-၁၂-၂၀၂၁)တို့အရ မြေကွက်ဧရိယာ(၄၀'x၆၀')ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်းမြေဧရိယာ(၂၀'x၆၀')အား ပိုင်ဆိုင်လာသူ ဦးစိုးဦး ၁၂/သကတ(နိုင်) ၀၄၁၁၅၅၊ ဒေါ်မြတ်စန္ဒာစိုး ၁၂/သကတ(နိုင်)၁၅၁၆၀၄တို့မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ပူးတွဲပိုင်ရှင် အမည်ပေါက် ဒေါ်ခင်ကြည်နှင့် ပူးတွဲလျှောက်ထားရန် မဖြစ်နိုင်ပါသဖြင့် တစ်ဖက်သတ်မြေကွက်ခွဲနှင့် မြေတိုင်းလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါရုံးသုံးယန္တရားများနှင့် စက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား |
|---|---|
| (က) | Main Deck Loader(14)Tons Life |
| (ခ) | Aircondition(1.5HP, Split Type, inverter) |
| (ဂ) | Aircondition(2 HP, Split Type, inverter) |
| (ဃ) | Desktop Computer |
| (င) | Laptop Computer |
| (စ) | Digital Multifuction Copier |
| (ဆ) | Printer(A4) |

၂။ (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၅-၂၀၂၂ရက်

(ခ) **အိတ်ဖွင့်လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက်** - ၂၄-၅-၂၀၂၂ရက်

(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၃၁-၅-၂၀၂၂ရက်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**မြန်မာအမျိုးသားလေကြောင်း**
**ဈေးနှုန်းစိစစ်ဝယ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၃၇၁၁၃၀၊ ၀၉-၅၀၇၀၉၃၅**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (ဒုတိယအကြိမ်)

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဘားအံမြို့၊ မာန်အောင်ဈေး Steel Structure ဈေးရုံ(၃)ရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသောကြောင့် စိတ်ဝင်စားသော မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၂ရက်၊ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၁-၅-၂၀၂၂ရက်၊ ညနေ၄:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၁၂-၅-၂၀၂၂ရက်၊နံနက် ၁၀:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဘားအံမြို့

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ်များ ၀၉-၄၄၉၂၅၂၂၈၊ ၀၉-၅၆၆၁၈၇၉၊ ၀၅၈-၂၁၆၈၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင် အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်းရှိ မက်မန်းမြို့နယ်မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့်ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၅-၂၀၂၂ရက်မှ ၁၇-၅-၂၀၂၂ရက်အထိ(ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၇-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၉-၅-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊မက်မန်းမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင်နှင့် ဦးစီးအရာရှိ(မြို့ပြ)ရုံး ၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၇၃၃၅၈၃၊ ၀၉-၄၁၀၀၆၈၂၁၊ ၀၉-၄၃၁၃၃၁၄၀ တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တရားဝင်ဇနီးမယားတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗရဏီလမ်းနေ ကျွန်မ ဒေါ်အေးအေးသင်း ၁၄/ဒဒရ(နိုင်)၁၂၆၇၈၃နှင့် ဦးရန်နိုင် ၁၄/ဒဒရ(နိုင်)၁၈၉၀၆၉ တို့သည် လွန်ခဲ့သော ၂၀၁၂ခုနှစ် မေ ၂၀ရက်တွင် နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ၂၀၁၅ခုနှစ်တွင် သမီးကြီး မယွန်းနဒီကျော်နှင့် ၂၀၁၉ခုနှစ်တွင် သမီးငယ် မအိမ့်တင့်တယ်နိုင်တို့ သမီးနှစ်ဦး ထွန်းကားခဲ့ပြီး မိသားစုဝင်များဖြစ်ပါသည်။ ကျွန်မ ဒေါ်အေးအေးသင်းနှင့် ဦးရန်နိုင်တို့သည် တစ်ကြိမ်တစ်ခါမျှ ကွာရှင်းခြင်းမရှိခဲ့ဖူးပါ။ ဦးရန်နိုင်သာလျှင် ကျွန်မ ဒေါ်အေးအေးသင်း၏ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ပြီး၊ ကျွန်မဒေါ်အေးအေးသင်းသည်လည်း ဦးရန်နိုင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသင်း**
**၁၄/ဒဒရ(နိုင်)၁၂၆၇၈၃**
**ဖုန်း-၀၉-၂၅၀၆၅၂၅၇၂**

**အောင်ကမ္ဘာ**

ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ့

မြေကွက်များဝယ်လိုသည်၊ အိမ်အရောက်ငွေချေသည်၊

ပွဲခပေးရန်မလိုပါ။

09-43118200
09-450096155


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5N/7309 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဆွေမြင့် ၁၄/ဇလန(နိုင်)၁၄၇၈၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9870 Toyota Hilux vigo pickup (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁၀/မလမ(နိုင်)၀၅၉၁၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်နေ ဒေါ်အေးအေးမြင့်၏သမီး မလွင်မီကို ၁၀/မလမ(နိုင်)၂၃၄၁၇၆ အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့် ပတ်သက်သည့် ကိစ္စများအား လုံးဝ (လုံးဝ) တာဝန်မယူပါ။

**ဒေါ်အေးအေးမြင့်**

## အမည်မှန်

မိုင်းဖြတ်မြို့နယ်၊ ကွက်သစ်ရပ်ကွက်တွင် နေထိုင်သူ (ဘ) ဦးကျော်ကျော် ၁၃/မဖန(နိုင်)၀၂၂၁၃၃ ၏ သမီး မAမီကျော်၏ အမည်မှန်မှာ မအေမီကျော် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မိုင်းဖြတ်မြို့နယ်၊ ဝမ်မိုင်ရပ်ကွက်တွင် နေထိုင်သူ (ဘ) ဦးမြင့်ဌေး ၁၁/တကန ၀၀၇၅၉၉ ၏ သား မောင်သစ်ထူးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၁-၂၀၁၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ဌေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/7951 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/2118 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အထက(၄) သန်လျင်တွင် ပညာသင်ကြားနေသော မောင်ချစ်မြတ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးလေး ၆/ကသန(နိုင်)၀၇၀၀၇၅ ဖြစ်ပါကြောင်း။

**ဦးစိုးလေး**

**သွေးသည် အသက်**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃၊ ဘဏ္ဍာရေးနှစ်
## တည်ဆောက်ရေးလုပ်ငန်းများအတွက် QA/QC လုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တို့တွင် ၃-၅-၂၀၂၂ရက်မှ ၁၇-၅-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၁၈-၅-၂၀၂၂ရက်မှ ၂၄-၅-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော ကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၈၇၆၄၅၅၈၀(အစိုးရ၊ နည်းပညာကောလိပ်၊ နေပြည်တော်)၊ ၀၉-၄၄၃၉၇၃၆၀၇ (အစိုးရ စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရစက်မှုလက်မှုသိပ္ပံ၊ မန္တလေး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mmတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်
## တည်ဆောက်ရေးလုပ်ငန်းများအတွက် QA/QC လုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် QA/QC လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် ၃-၅-၂၀၂၂ ရက်မှ ၁၇-၅-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၁၈-၅-၂၀၂၂ ရက်မှ ၂၄-၅-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောအဆိုပါတက္ကသိုလ်များတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀၊ ၀၆၇-၃၄၀၄၆၅၅ (ဦးစီးဌာန၊ ရုံးချုပ်)၊ ဖုန်း ၀၉-၄၅၂၀၄၅၁၀၈ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဖုန်း-၀၉-၂၅၆၁၂၉၈၆၈ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် ဖုန်း-၀၉-၄၄၄၀၃၄၀၂၆ နည်းပညာတက္ကသိုလ်(တောင်ကြီး) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dast.edu.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၂/၂၀၂၂-၂၀၂၃)

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - ၁၁-၅-၂၀၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့)မှ ၁၆-၅-၂၀၂၂ ရက်၊ (တနင်္လာနေ့)အထိ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) | **Pre-Bid Meeting ကျင်းပမည့်ရက်/အချိန်** | - ၁၆-၅-၂၀၂၂ ရက်၊ (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** | - ၁၇-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့) (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၁၈-၅-၂၀၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀ နာရီ |
| (င) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့၏ဖုန်း-၀၈၂-၂၂၀၂၆၁၉၊ ၀၉-၄၂၈၈၆၅၇၅၆ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၏ ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၉-၄၂၅၉၆၁၅၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စံပါယ်လမ်း၊ မ-၁၂၉၅၊ အခန်းအမှတ်(၁၂၉၅-A)၊ ၆လွှာ(ခေါင်းရင်း)ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့အေး ၁၂/ရကန(နိုင်)၀၃၅၉၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇင်ကျော်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသိမ့်သိမ့်ဇော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၄၇)**
**အမှတ်-ကည-၁၉၊စိတ္တသုခလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၄၅၂၆၇၃**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့်ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၃-၅-၂၀၂၂ရက်မှ ၁၇-၅-၂၀၂၂ရက်အထိ(ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊တာချီလိတ်မြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၁၇-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁၉-၅-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်အတွင်းရှိ လမ်းအထူးအဖွဲ့(၃)နှင့် မြို့နယ်များမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းနှင့်ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၃-၅-၂၀၂၂ရက်မှ ၁၇-၅-၂၀၂၂ရက်အထိ(ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊မိုင်းဆတ်မြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၁၇-၅-၂၀၂၂ရက်၊ ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁၉-၅-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊မိုင်းဆတ်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၆၀၂၁၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် UE1 ဗိုလ်ဗစိုး (၅)လမ်း မြေကွက်အမှတ်(၄၀၇)၊ (ခြေရင်းခြမ်း) မြေကွက်အမှတ် (၄၀၆) နှင့်ကပ်လျက်ဘက်အခြမ်း မြေအကျယ်အဝန်း (၁၀ပေ x ၆၀ပေ) မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းကြည် PGN- ၀၉၇၅၆၇ အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ မကေသီနိုင် ၁၂/ဥကတ(နိုင်)၁၇၇၃၉၃ နှင့် မဖူးပွင့်သင်း ၁၂/ဥကတ(နိုင်)၁၇၇၄၈၄ တို့သည် နှစ်ဦးသဘောတူအဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူထားပြီးမိမိတို့ညီအစ်မနှစ်ဦးသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်ထံသို့ စကားကမ်းလှမ်းလာ၍ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ငယ် ၁၂/မရက(နိုင်)၀၈၃၆၉၃**
**ဖုန်း-၀၉-၉၆၅၇၃၆၈၃၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ နွယ်သာကီလမ်း၊ တိုက်အမှတ် ( B)၊ အခန်းအမှတ် (၃၁၄) ဟုခေါ်တွင်သော (၆) ထပ်တိုက်၏(၄)လွှာ၊ ဧရိယာ(၁၂ ၁ / ၂ x ၅၄ ပေ) ရှိ တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းမင်းထွဋ် ၁၂/ဒဂမ(နိုင်)၀၂၉၁၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဦး ၁၂/လကန (နိုင်)၀၄၇၂၂၉ နှင့် ဒေါ်မိမိခိုင် ၁၂/လကန(နိုင်)၀၈၂၄၅၅တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၇)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၃၁၄၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9N/4102 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းနေအောင်ဦး ၅/ကဘလ(နိုင်)၁၉၃၉၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/4844 Toyota Fortucer GUN 156L ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၉/လဝန(နိုင်) ၁၅၂၀၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်ခွဲခန်းသုံး ပစ္စည်း(၃၂)မျိုးနှင့် လယ်ယာသုံးစက်ပစ္စည်း(၄)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၅-၂၀၂၂ရက် မှ ၁၈-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၉-၅-၂၀၂၂ရက်၊ ၁၃:၀၀နာရီ

၅။ အသေးစိတ် သိရှိလိုပါကစိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများအတွက် ဖုန်း- ၀၉- ၅၀၅၅၉၁၂ သို့လည်းကောင်း၊ လယ်ယာသုံးစက်ပစ္စည်းများအတွက် ဖုန်း - ၀၆၇-၄၁၃၁၁၅၊ ၀၉- ၄၂၁၁၅၁၅၄၉ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌန**

## မိခင် အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ ဟန်ထက်ကျေးရွာအုပ်စု၊ သစ်ဆုံးကျေးရွာနေ မသွန်းဝတီလွင်၏ မိခင်အမည်မှန်မှာ မမျိုးမျိုးဝင်း ၁/ မစန(နိုင်)၁၆၇၉၈၈ ဖြစ်ပါကြောင်း။

**မမျိုးမျိုးဝင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## သာပေါင်းမြို့နယ်တရားရုံး၌
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဦးစိုးကိုကို | နှင့် | ၁။ ဦးအောင်အောင်(ခ)ဦးစံဖဲ<br>၂။ ဒေါ်ထူးသော်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကညင်ချောင်းလမ်း၊ အမှတ်(၃၃)နေ (ယခုနေရပ်လိပ်စာမသိသူ) ဦးအောင်အောင်(ခ)ဦးစံဖဲ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၅၀၀၀၀၀၀/- (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ် မေ ၂၃ရက်(၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေလှိုင်နန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သာပေါင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၅၄)၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၈၁၇/က)ဟုခေါ်တွင်သည့် ဒေါ်သောင်းရင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစား အကျယ်အဝန်းပေ(၂၀'x၆၀')အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ပေ(၁၀'x၆၀')(ညာဘက်ခြမ်း)အကျယ်အဝန်းရှိ မြေကွက်နှင့်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ခံစားလျက်ရှိသူ ဒေါ်ဝင်းကြည် ၁၂/ကမရ(နိုင်)၀၂၁၁၈၉မှ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြု၍ အဆိုပါအိမ်ခြံမြေအား ရောင်းချရန်ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မျိုးသန့်** | **ဦးဝေယံစိုး(LL.B)** |
| **၁၂/မဂဒ(နိုင်)၀၆၄၁၉၂** | **အထက်တန်းရှေ့နေ(စဉ်-၅၃၅၄၇/၃၁-၈-၂၀၂၀)** |
| | **အမှတ်(၉၂၄)၊ ကျောက်စိမ်း(၇)လမ်း၊(၄၄)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၂၅၂၀၉၄၈၄၀** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သုဓမ္မလမ်း၊ ဌေးကြွယ်(က) ရပ်ကွက်၊ အမှတ်(၁၀)ရှိ ခြောက်လွှာအဆောက်အအုံမှ လေးလွှာ(တတိယထပ်-ခေါင်းရင်းခြမ်း) (၁၅ပေxပေ၆၀)ဟုခေါ်တွင်သော တိုက်ခန်း တစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းကိုယ်တိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးအေးသွင် ၁၄/မအပ(နိုင်)၀၁၂၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဌေးဌေး(LL.B)** | **ဦးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၃၅)** |

**တိုက်အမှတ်(၈၈)၊ မြေညီထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၀၇၉၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3363 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသီ(ခ)ဒေါ်အုန်းရီ(မြိတ်မြို့)
## အသက်(၈၆)နှစ်

မြိတ်မြို့နေ ဦးဟုန်ဘီး-ဒေါ်ခင်သီတို့၏ သမီးကြီး၊ ဦးနန်းညွှန့်-ဒေါ်ခင်ခင်စိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ရတီလမ်း၊ အမှတ်(၁၄၀)နေ ပါမောက္ခဒေါက်တာ ဦးနန်းရှိန်၏ချစ်လှစွာသော ဇနီး၊ ဒေါက်တာ ဦးကျော်သိန်း-ဒေါ်နန်းဥမ္မာရီ၊ ဒေါက်တာဦးကိုကိုစိုး-ဒေါ်မိုးမိုးဥမ္မာသီ၊ ဦးခန့်စိုး-ဒေါ်နန်းသူဇာရီတို့၏ချစ်လှစွာသောမိခင်၊ မောင်ပေါ်မင်းသိမ်-မနန်းရတနာသိန်း၊ မောင်မင်းနန်းခန့်၊ မနန်းစန္ဒီစိုးတို့၏ ချစ်လှစွာသောအဘွား၊ မနန်းဟေဇယ်မင်း၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အေးအေးသီ(ခ) ဒေါ်အုန်းရီသည် ၃-၅-၂၀၂၂ရက် နံနက် ၁၀:၂၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှလှစိုး
## မော်လမြိုင်၊ ဘီလူးကျွန်း
## အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးအိမ်ရာ၊ အမှတ်(၂၉/၁၀၇)နေ (ဒုတိယဗိုလ်မှူးကြီးသန်းညွန့်)ဒုတိယဝန်ကြီး (ငြိမ်း) ပြည်ထဲရေးဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး၊ ဦးစိုးညွှန့်နိုင်-ဒေါ်ခိုင်ဝါဝင်း၊ ဦးစိုးညွှန့်ခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်သီဟနိုင်၊ မောင်စည်သူနိုင်တို့၏ အဘွားဖြစ်သူ ဒေါ်လှလှစိုးသည် ၂-၅-၂၀၂၂ရက်(တနင်္လာနေ့)ည ၇:၃၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာမြို့၊ ကျူးချောင်းသုသာန်သို့ပို့ဆောင်၍ နံနက် ၁၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/5171 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/16778, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ဝင်း ၇/ဝမန(နိုင်)၀၅၆၅၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/03330, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုယဉ် ၉/မရတ(နိုင်)၀၅၈၇၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/77458, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၇/ဝမန(နိုင်)၀၇၉၀၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရိယာ ဝဒသမ ၀၅၅ကေ ၊ မြေကွက်အမှတ်(ဥ-၇၅၂၆)၏ အမည်ပေါက် ဦးမောင်မောင်(ဘ)ဦးအောင်သိန်း ၉/ပမန(နိုင်)၁၆၄၈၂၈ ကွယ်လွန်သွားသဖြင့် တရားဝင် ဇနီးဖြစ်သူ ဒေါ်ခိုင်(ဘ)ဦးမောင်လှ ၉/ပမန(နိုင်)၁၆၄၈၂၀ မှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၈၀/၂၀၂၂) မူရင်း၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေကွက်အမှတ် (ဥ-၇၅၂၆)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်ခိုင်(ဘ)ဦးမောင်လှ ၉/ပမန(နိုင်)၁၆၄၈၂၀ အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၆-ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်-၃၄/၄၀ မြေပေါ်ရှိ (၂)ခန်းတွဲ၊ (၈)ထပ်တိုက် (Penthouse အပါအဝင်) တိုက်၏ ပထမထပ်၊ (ခေါင်းရင်းခန်း)၊ အခန်းအမှတ် (A)၊ အကျယ် (၂၆'x၆၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား (၃-၇-၂၀၁၁)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်နွယ်နွယ်ဦး ၁၂/ပဘတ(နိုင်)၀၀၅၉၇၂က မိမိလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဒေါ်မာမာခင်
## အသက်(၉၆)နှစ်

ပြည်မြို့နေ (ဦးထောဝါး-ဒေါ်မမလေး)၊ ရန်ကုန်မြို့နေ [ဦးဘဖေ(ရာဇဝတ်ဝန်ထောက်)-ဒေါ်ဒေါ်ဝမ်]တို့၏သမီး၊ ဆင်ပေါင်ဝဲမြို့နေ (သမာဓိမြို့ဝန် ဦးစိုး-ဒေါ်ကျင်မိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ်(၃၅/N)နေ (ဦးဟန်ဝင်း)၏ဇနီး၊ ပြည်မြို့နေ (ဦးဘာဘာ)၏ညီမ၊ ဦးမင်းမော်-ဒေါ်ခင်မေဝင်း(USA)၊ ဦးသင်းဇော်-ဒေါ်ချိုချိုအုန်း၊ ဒေါ်ညိမ်းညိမ်းဝင်း(ဦးစီးအရာရှိ-ငြိမ်း၊ ပျားလုပ်ငန်းဌာန)၊ ဒေါ်အေးအေးဝင်း၊ ဒေါက်တာဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဝင်း(USA)တို့၏မိခင်၊ ဦးမျိုးမင်းဝင်း(USA)၊ ဦးအောင်အောင်ဇော်-ဒေါ်အိန္ဒြာဇော်၊ မအဥ္စလီဝင်းမြင့်၊ Barnard Columbia University(USA)တို့၏ အဘွား၊ မဆုန်လပြည့်ဇော် Brainworks (TGGN P-4), Sophia Wee(4 Grade, USA)တို့၏ဘွားဘွားကြီးသည် ၂-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇:၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးဝင်းနိုင်
## ညွှန်ကြားရေးမှူး(ငြိမ်း) ဝါဇီ
## အသက် (၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ [ဦးဟုတ်ဝမ်(ခ)ဦးကျော်ညွှန့်-ဒေါ်ကျင်သုံ]တို့၏သား၊ ဝါဇီနေ (ဦးစံရည်-ဒေါ်သန်းရှင်)တို့၏ သားသမက်၊ (ဦးအောင်ခိုင်)-ဒေါ်ခင်သန်းရင်၊ [ဒေါက်တာသိန်းလှိုင်(နာဂ)-ဒေါ်အုံးအုံး]တို့၏ညီ၊ ဦးထိန်ဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးမျိုးညွှန့်)၊ ဦးဆက်လှိုင်အောင်-ဒေါ်ခင်ဆွေ၊ ဦးအောင်ကျော်-ဒေါ်မျိုးမြင့်သန်း၊ (ဦးသန်းစိုး)-ဒေါ် Brenda၊ ဦးဝင်းမော်-ဒေါ်နန်းနေနွယ် တို့၏အစ်ကို၊ အိမ်အမှတ် (၃၀/၁)၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ကြင်နု၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး-ဒေါက်တာသန္တာ၊ ဦးအေးကျော်-ဒေါ်လွင်မာနိုင်၊ ဦးညီညီနိုင်-ဒေါ်ရွှေစင်မိုး၊ ဦးအောင်ချမ်းဝင်း-ဒေါ်လဲ့လဲ့ဝင်းနိုင်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မစုနှင်းနွယ်၊ မယွန်းမဒီကျော်၊ မောင်သုတနိုင်၊ မချမ်းလဲ့ဝသုန်၊ မချမ်းလဲ့ဝသယန်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးဝင်းနိုင်သည် ၂-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၈:၅၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၄-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကျူးချောင်းသုသာန်(ရွှေပြည်သာ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်၌ ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ မင်းရပ်၊ ဦးပိုင်အမှတ်(၇၃ᵃ)၊ ဧရိယာ ၀ဒသမ ၀၈၃ ကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ မင်းရပ်နေ ဒေါ်စီကူးမာရီ(ခ)ရီရီမူ ပါ (၃)ဦးတို့မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၂ ခုနှစ် မေလ ၂၁ ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်း များနှင့်တကွအောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေ ညာလိုက်သည်။ **(ဇော်ဝင်းလတ်)**

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိရပ်ကွက်၊ မြေကွက်အမှတ်(ပ-၂၂၂၈၁)၊ ဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်သည် ဒေါ်ငွေငွေမြင့်အမည်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် မြေငှားဂရန် နှစ်(၃၀)ဖြင့် အမည် ပေါက်ထားပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အထူးကိုယ်စားလှယ်လွှဲစာလက်ခံရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမင်းထွန်း ၈/ဆဖန(နိုင်) ၀၁၀၂၄၀ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးလှ ၁၂/လမန(နိုင်) ၀၁၅၆၆၄က စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ဝိုင်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ၊ အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀)**
**အခန်း(၃၅)၊ ရွှာတော်မင်္ဂလာဈေးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

### ဦးထိန်ဝင်း၊ ဦးပြည့်ဖြိုးဆယ်တို့နှင့် ၎င်းတို့၏အမွေစားအမွေခံများနှင့် ဆက်ခံခွင့်ရှိသူများသိစေရန်

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ်-၄၂၇၉နေ ဦးစိုင်းတင်ဝင်း ၁၃/တကန(နိုင်)၀၁၂၆၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ်-၄၂၇၉၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြို့မြေကို ဦးထိန်ဝင်းထံမှ အရပ်စာချုပ်ဖြင့် ဦးပြည့်ဖြိုးဆယ်က ဝယ်ယူခဲ့ပါသည်။ ဦးပြည့်ဖြိုးဆယ်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးစိုင်းတင်ဝင်းက ဝယ်ယူပြီး လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် လူကြီးမင်းတို့ထံမှ အဆင့်ဆင့်ဝယ်ယူခဲ့သော အထက်ဖော်ပြပါမြေကွက်ကို တရားဝင်မှတ်ပုံ တင်စာချုပ်ချုပ်ဆိုလိုပါက အချိန်မရွေးတောင်းဆိုလာလျှင် လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှုတ်ဖြင့်ဝန်ခံကတိပြုသည့်အတွက် လူကြီးမင်းတို့သည် ၁၆-၅-၂၀၂၂ရက် နောက်ဆုံးထားပြီး ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်းတို့အနေဖြင့် ဤ အကြောင်းကြားစာပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားဝင်လွှဲပြောင်းရန် ငြင်းဆန်သည်ဟုမှတ်ယူပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန် (စဉ်-၃၅၀၈/၈၅)**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၂၀၇၃၆၄၉၊ ၀၉-၂၄၈၃၀၀၆၃၆**

| | |
|---|---|
| ဦးဇင်ဝင်း(စဉ်-၁၁၅၆၂/၁၆ | |
| ဒေါ်ဝေဝေနှင်း(စဉ်-၁၄၈၁၁/၁၈) | |
| ဒေါ်ရူပါထွန်း(စဉ်-၁၄၈၀၅/၁၈) | ဦးစိုးမင်းဦး (စဉ်-၅၂၉၀၅/၂၀) |
| ဒေါ်မေနွယ်မွန်(စဉ်-၁၅၁၄၄/၁၈) | ဒေါ်ဆက်ဆက်မြင့်(စဉ်-၅၃၂၈၁/၂၀) |
| ဒေါ်နေခြည်နွေးနွေးဟန် (စဉ်-၁၆၇၈၅/၂၀) | ဦးရဲလင်းအောင်(စဉ်-၅၄၁၇၈/၂၁) |
| (တရားလွှတ်တော်ရှေ့နေများ) | (အထက်တန်းရှေ့နေများ) |

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး
### ဒေါ်မြစိန်(သရက်)
### အသက် (၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ငြိမ်း)၊ ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ကျေးဇူးကြီးလှစွာသော မိခင်ကြီး ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ ရက် (တနင်္ဂနွေနေ့) ည ၈:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ် ဝင်းထွန်း-(ဒေါ်မေသန်းနွဲ့)**
**မိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးခိုင်မြတ်ကျော်(မော်ကျွန်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)စားသုံးသူရေးရာ ဦးစီးဌာန
### အကြံပေးအရာရှိ(MJTS)
### အသက်(၆၃)နှစ်

မော်လမြိုင်ကျွန်းမြို့နေ(ဦးတင်ကျော်)ကုန်သွယ်လယ်ယာငွေစာရင်းမန်နေဂျာ(ငြိမ်း)-ဒေါ်သောင်းမေတို့၏သားကြီး၊ (ဦးမြင့်သန်း- ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့နေ ဦးစိုးထွန်းကျော်-ဒေါ်ကေသွယ်မိုး၊ (ဦးခင်မောင်ကျော်)-ဒေါ်ခင်အေးမြင့်၊ ရန်ကုန်မြို့နေ (ဦးတင်အုန်း)-ဒေါ်ပပကျော်၊ ဦးကျော်ဆန်းကျော်-ဒေါ်စတယ်လာသောင်းတို့၏ အစ်ကိုကြီး၊ မခိုင်မွန်ကျော်၊ ဒေါက်တာခန့်စုကျော်တို့၏ဖခင်၊ ဒေါ်မြမြသောင်း(သမဦးစီး-ငြိမ်း)၏ ခင်ပွန်း ဦးခိုင်မြတ်ကျော်သည် ၂-၅-၂၀၂၂ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်းနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးကျော်မင်းဟိန်း ၁၄/ကကထ(နိုင်) ၁၇၅၁၂၁၏ ဖခင်အမည်သည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့တွင် ဦးမြင့်အောင်ဟုလည်းကောင်း၊ ဘွဲ့ထောက်ခံစာ (ယာယီ)နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်တို့တွင် ဦးထွန်းမြင့်အောင် ဟုလည်းကောင်း အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နှင်းရွှေ(CG-043473) အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၃၈၅)၊ အကျယ်အဝန်း (၄၂x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသောခေါင်းရင်းဘက်အခြမ်း (၂၁x၆၀)ပေရှိ ဂရန်မိတ္တူ ခြမ်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးပြည်မိုးအောင် ၁၂/အစန(နိုင်) ၁၁၄၂၇၇က ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၁)**
**ရုံးခန်း-အမှတ်(၁၃၇၇)၊ အခန်း(B)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

### ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ ပေးရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ် ၉၂

ဦးဂျော်နီခင်ဇော် နှင့်

၁။ ဒေါ်ယဉ်ယဉ်ကြူ
၂။ ဦးတင်မောင်လတ်
၃။ မောင်အောင်ခန့်ကျော် (အရွယ်မရောက်သေးသူ)၎င်း၏ အုပ်ထိန်းသူမိခင်ဒေါ်နီလာမြင့် (စဉ် ၂၊ ၃-ကွယ်လွန်သူဒေါ်ခင်စန်း၏ တရားဝင်ကိုယ်စားလှယ်များ)
၄။ ဒေါ်အေးအေးခိုင်
၅။ ဦးစိုးလှိုင်(ကွယ်လွန်သူ ဒေါ်တင်တင်လှ၏ တရားဝင်ကိုယ်စားလှယ်)
၆။ ဦးလှမိုး

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၃၅)ရပ်ကွက်၊ အခန်း(၃၀၄)၊ တိုက် (B 4)နေ တရားပြိုင် မောင်ပိုင်မင်းခန့် (ကွယ်လွန်သူ ဒေါ်အေးအေးခိုင်၏ တရားဝင်ကိုယ်စားလှယ်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်တွင် တရားလို ဦးဂျော်နီခင်ဇော်က ဤရုံး၌ ၄ တရားပြိုင် ဒေါ်အေးအေးခိုင် (ကွယ်လွန်သူ) အပေါ်တွင် ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်စာချုပ် အတည်မဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု တရားစွဲဆိုရာ သင်သည်ဆိုခဲ့သော ကွယ်လွန်သူ ၄ တရားပြိုင် ဒေါ်အေးအေးခိုင်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ၎င်း ကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင်အဖြစ် ထည့်သွင်းပါမည့်အကြောင်း တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထု ချေရန် ဤရုံးသို့ ၂၀၂၂ခုနှစ် မေလ ၁၃ရက် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် လာရောက်ရမည်။ အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဧပြီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

ကျွန်တော့်ရဲ့ အမျိုးသားရေးရည်မှန်းချက် ၂ ခု ရှိပါတယ်။

၁။ နိုင်ငံတော်ကြီးသာယာဝပြောရေး

၂။ တိုင်းပြည်စားရေရိက္ခာပေါများရေး တို့ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်း လူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက်သဘာဝအရင်းအမြစ်များအသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင် မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်သူလူထုရဲ့စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူး အခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

၁၇-၄-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရေစကြိုမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်တစ်လုံး ထိမှန်ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦးတို့ သေဆုံးကာ အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် မေ ၃**

နိုင်ငံရေးအစွန်းအရောက် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဒေသန္တရလက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ အသုံးပြု၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြု၍ မြို့/ရွာများအတွင်းသို့ အဆင်အခြင်မဲ့ ရက်စက်စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်းများကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မေ ၂ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာစံပြကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ လက်လုပ်လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်တစ်လုံး ထိမှန်ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦးတို့ သေဆုံးကာ အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆

## ဆီးဂိမ်းအမျိုးသမီး ဖူဆယ်ပြိုင်ပွဲ မြန်မာအပါအဝင် လေးသင်းဖြင့် ကျင်းပမည်

**ရန်ကုန် မေ ၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အပါအဝင် လေးသင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယခင်က အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားအသင်း နုတ်ထွက်ခဲ့သဖြင့် အိမ်ရှင်ဗီယက်နမ်၊ ထိုင်း၊ မြန်မာနှင့် မလေးရှားတို့ လေးသင်းသာ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မေ ၁၅ ရက်တွင် မလေးရှားအသင်းနှင့် ထိုင်းအသင်း၊ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊

*စာမျက်နှာ ၁၄ ကော်လံ ၅* ●

## အိုးထရက်ဖို့ဒ်မှာ တိုက်စစ်ခြေစွမ်းပြကာ ဘရန့်ဖို့ဒ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃၅) မှ မန်ယူအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်ကို မေ ၃ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး – ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။ အဆိုပါ ပွဲစဉ်သည် ယာယီနည်းပြ ရန်းနစ်ခ် တာဝန်ယူကိုင်တွယ်သည့် ပွဲစဉ်များအနက် ဂိုးအပြတ်ဆုံး နိုင်ပွဲတစ်ပွဲဖြစ်လာခဲ့သလို နောက်ဆုံး အိမ်ကွင်း ပွဲစဉ်လည်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ○



## MRTV Media Worldwide Mobile Satellite Data Application Service, MRTV App & Web ဖွင့်လှစ်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Online Media တစ်ခုဖြစ်သည့် MRTV Media Mobile Application (MRTV App & Web) စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် MICC-2 ၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ နေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်မှ စတင်၍ MRTV HD၊ MRTV News၊ MRTV-NRC၊ MITV၊ မြန်မာ့အသံရေဒီယို၊ Myanma Radio (FM Channel-အင်္ဂလိပ်ပိုင်းအစီအစဉ် )နှင့် MRTV App & Web တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ယနေ့ သတင်းအညွှန်း**

**ကိုကိုးကျွန်းမှ ပြန်ခဲ့သည်**

ဆောင်းပါး

စာ – ၁၀

